# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (3-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၂၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနဉ္စိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဉယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊

**စာမျက်နှာ ၁၈ ကော်လံ ၁** ☞

ရတနာပုံ
၂၀၂၃ ခုနှစ် စက်တင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# အစိမ်းရောင်လွှမ်းသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို အဓိကပံ့ပိုးပေးသည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကိုများစွာအထောက်အကူဖြစ်စေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ရေမြေတောတောင်အလှအပများ၊ ရိုးရာဓလေ့နှင့်အစားအသောက်များကို ကမ္ဘာ့နိုင်ငံများကြား သိရှိဆွဲဆောင်နိုင်ရုံသာမက နိုင်ငံခြားဝင်ငွေများစွာရရှိအောင် ခရီးသွားလုပ်ငန်းများက ဖန်တီးပေးလျက်ရှိသည်။

ပြည်ပခရီးသွားဈေးကွက် အသင့်ရှိပြီးဖြစ်သော မြန်မာနိုင်ငံအနေဖြင့်လည်း ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်ဖြစ်သော **ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး**နှင့်ဆီလျော်စွာ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးအလေးအနက်ထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရှိပြီးသားခရီးသွားအရင်းအမြစ်များကို အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးလာစေရေး၊ ခရီးသွားများနှင့် သဘာဝပတ်ဝန်းကျင်ကြားရှိဆက်စပ်မှု၏ အရေးပါမှုကိုပါ ပူးပေါင်းထိန်းသိမ်းကြရေးဆောင်ရွက်ကြရပါမည်။ သို့မှသာ အစိမ်းရောင်လွှမ်းသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ **“မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသထွက်စားသောက်ကုန်များ သန့်ရှင်းကောင်းမွန်မှုများရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ တည်းခိုရေးနှင့်သက်ဆိုင်သည့် ဟိုတယ်များနှင့် တည်းခိုခန်းများ၊ စားသောက်ရေးနှင့် အသုံးအဆောင်ပစ္စည်းများ အဆင့်အတန်းရှိရှိဖြစ်စေရန်အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊”** စသည်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း များစွာပြောင်းလဲတိုးတက်လာမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများအပေါ် ထိခိုက်မှုမရှိဘဲ ကုန်ကျစရိတ်အနည်းဆုံးဖြင့် အကျိုးအမြတ်အများဆုံးရရှိစေသည့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ဟန်ချက်ညီစွာအကောင်အထည်ဖော်နိုင်ရမည်ဖြစ်ပါသည်။

အစိမ်းရောင်လွှမ်းသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ခရီးသွားသူများနှင့် ခရီးသွားကဏ္ဍမှတာဝန်ရှိသူများသည် ခရီးစဉ်တစ်လျှောက် ဒေသခံတို့ လူမှုစီးပွားဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုအမွေအနှစ်များမထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင်မပျက်စီးရေးတို့ကို အလေးထားထည့်သွင်းစဉ်းစားဆောင်ရွက်ကြရပါမည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အိမ်ရှင်နှင့်ဧည့်သည် နှစ်ဦးနှစ်ဖက် အတ္တပရမ္မတပြီး လူမှုတာဝန်ကျေသည့်စီးပွားရေးလုပ်ငန်းဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ဒေသအတွက်သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးပါ သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော အစိမ်းရောင်လွှမ်းသည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး စက်တင်ဘာ ၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၀၉၄၆၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီး လေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ပေးထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုခံစားနေကြတာကို တွေ့ရပါတယ်”ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၂၇ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၀၆၅၂၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၈၁၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၄၅၀ ပေါက်ဈေးရှိ

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး ဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၄၅၀ ပေါက်ဈေးရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာ ၁ ရက်မှစ၍ ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိလာကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေ အခုလတ်တလော အရောင်းအဝယ် မြန်ကောင်းနေပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လ နောက်ဆုံးပတ်က ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၄၅၀ ပေါက်ဈေးရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲကို အဝင်များတဲ့အထဲမှာ မုံရွာ၊ မြစ်သားနဲ့ ပခုက္ကူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပါပါတယ်။ အဲဒီဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်”ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ပြည်ပခရီးသွားများပြား

**မန္တလေး စက်တင်ဘာ ၂**

တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွား စက်တင်ဘာ ၁ ရက်မှစ၍ များပြားလာကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တောင်သမန်တံတားနှင့် တောင်သမန်အင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်းသိရသည်။

“အခု တောင်သမန်တံတားနဲ့ တောင်သမန်အင်းကို ပြည်တွင်းခရီးသွားတွေအပြင် နိုင်ငံခြားသားခရီးသွားတွေလဲ လာရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့ တောင်သမန်အင်းအတွင်းကနေ နေဝင်ဆည်းဆာအလှကို လာရောက်ကြည့်ရှုရင်း အနားယူအပန်းဖြေတဲ့ခရီးသွားတွေ ပြန်များလာပါတယ်”ဟု တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ဩဂုတ်လ နောက်ဆုံးပတ်က လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်သာရှိခဲ့သော်လည်း စက်တင်ဘာ ၁ရက်မှစ၍ တောင်သမန်တံတားနှင့်တောင်သမန်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၈၀၀ ကျော်ထိ လာရောက်လည်ပတ်လျက်ရှိကြောင်းသိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ၅၀ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကိုင်မြို့နယ် တအုံ(နောက်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် တအုံကျေးရွာအုပ်စု တအုံ(နောက်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် မြို့နယ်တာဝန်ရှိသူများနှင့် တအုံ(နောက်)ကျေးရွာရှိ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၅၁ သန်းဖြင့် တအုံ(နောက်)ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျားငါးပေ၊ အနံငါးပေ၊ အမြင့်ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇွန်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်ထံမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ကျွဲဆည်ကန် (၁၁) လမ်း မြေအမှတ်(ဆ/၅၁၆) နေ ကျန်ရစ်သူမိသားစုက မိဘများဖြစ်သော ဦးမြင့်သန်း-ဒေါ်မြင့်မြင့်ဆွေ၊ အစ်ကိုများဖြစ်သော ကိုဝင်းနိုင်ဦး၊ ကိုထွန်းထွန်းလင်း ခေါ် ကိုကုလားတို့အားရည်စူး၍ ဆွမ်းအတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ရန်ကုန်တိုင်းဒေသကြီးတွင် ဩဂုတ်လအတွင်း မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၂ ခု ခွင့်ပြုပေးခဲ့



**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၂ ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ဩဂုတ်လအတွင်းခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု စုစုပေါင်း ၁၂ ခုကို အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ အတည်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် အဝတ်အထည်အမျိုးမျိုးနှင့် ဖိနပ်အမျိုးမျိုးကို CMP စနစ်ဖြင့်ချုပ်လုပ်သည့် လုပ်ငန်းများပါဝင်ကြောင်း၊ အဆိုပါ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၂ ခုတွင် လုပ်သားအင်အား ၉၂၁၆ ဦးခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၃၀ ရက်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး (၈/၂၀၁၃) ကနေ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု စုစုပေါင်း ၁၂ ခုကို ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ အတည်ပြုပေးလိုက်တဲ့ လုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှု မတည်ငွေပမာဏကတော့ ငွေကျပ် ၂၀၅၄ ဒသမ ၃၂၅ သန်းနဲ့ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၇၅ သန်းဖြစ်ပြီး ပြည်တွင်းမှာ လုပ်သား ၉၂၁၆ ယောက်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ် ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**ASH**

# သံတောင်ကြီးမြို့နယ် သူဌေးကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**သံတောင်ကြီး စက်တင်ဘာ ၂**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သူဌေးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သူဌေးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကန်ပြည့်ကျေးရွာအုပ်စု ကန်ပြည့်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကန်ပြည့်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ၌ အရှည် ၁ ဒသမ ၁၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၆ သန်း ဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန် ၁၈ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက် လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၇၉၀၊ လူ ၃၆၃၉ ဦး၏ စိုက်ပျိုးမြေ ၇၀၀ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**စင်မာ**



# စီးပွားရေးအောင်မြင်ရန် အခက်အခဲများကိုကိုင်တွယ်ခြင်း

မျိုးသူ(ကုန်သွယ်မြင့်)

> ❖ အချို့ဆိုင်များတွင် ယနေ့ရောင်းရငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည်ဟုရေးထားတတ်ကြသည်။ ထိုစာတမ်းသည် ကိုယ့်ဘာသာသတိပေးနေခြင်းက အဓိကဖြစ်သည်။ မနက်ဖြန်အတွက် အရင်းမပျောက်အောင် သတိပြုရန်၊ သုံးသပ်ရန်၊ စရိတ်စကကို သတိပြုရန်ဖြစ်သည်။ ထိုကဲ့သို့ပင် အချိန်နှင့်အမျှ ဈေးပြောင်းနိုင်သည်ကိုသတိပြုပြီး ဈေးပြောင်းသည့်အခြေအနေမြန်ဆန်နေလျှင် လောင်ထားခြင်းထက် လက်လွှဲရောင်းနေသည်က ကောင်းသည်ကို သတိပြုရမည်ဖြစ်သည်။ ❖

ပင်ဒိုရာနတ်သမီးသည် ဇုသ်နတ်မင်းကြီးက ထိန်းသိမ်းခိုင်းထားသော၊ ဖွင့်မကြည့်ရန်မှာထားသော သေတ္တာကိုဖွင့်ကြည့်လိုက်သဖြင့် ရောဂါများ၊ မုန်းတီးခြင်းများ၊ စိတ်ပျက်စရာများနှင့် ချစ်ခြင်း၊ မုန်းခြင်းက အစ ကောင်းခြင်း၊ ဆိုးခြင်းများအားလုံး သေတ္တာအတွင်းမှထွက်လာပြီး လူ့လောကတွင် ရောက်သွားခဲ့သည်ဟုဆိုသည်။ ပင်ဒိုရာသည် သေတ္တာကို ကမန်းကတန်းပြန်ပိတ်လိုက်သော်လည်း သေတ္တာထဲတွင် HOPE ဟူသော မျှော်လင့်ချက်ဆိုသည့်အရာတစ်ခုသာ ကျန်ခဲ့သည်ဟုဆိုသည်။ Pandora's Box ထဲတွင် မျှော်လင့်ချက်တစ်ခုသာ ကျန်နေသော်လည်း ထိုမျှော်လင့်ချက်သည်ပင် လူသားတို့အသက်ရှင်ရေးမှာလုံလောက်သည်ဟုဆိုသည်။ ထို့ကြောင့် လူသားများသည် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြသည်ဟုဆိုသည်။ မျှော်လင့်ချက်ကြောင့် အခက်အခဲများကို ကျော်လွှားနိုင်ကြသည်။ မျှော်လင့်ချက်ကြောင့် မသေမချင်းကြိုးစားကြသည်ဟုဆိုကြသည်။

ဘဝတွင် ကျွန်တော်တို့ နေ့စဉ်ကြုံတွေ့နေရသော အခြေအနေများသည် များပြားရှုပ်ထွေးပြီး မနက်ဖြန်ကိုပင် ခန့်မှန်းရလွယ်ကူခြင်းမရှိပါ။ စီးပွားရေးလုပ်ငန်းများတွင်လည်း နေ့စဉ်ရင်ဆိုင်ဖြေရှင်းနေရသည်များသည်လည်း များပြားရှုပ်ထွေးလှသည်။ မနက်ဖြန်တွင် မိမိစီးပွားရေးလုပ်ငန်းသည် ကျရှုံးမလား၊ အောင်မြင်မလားဆိုသည်ကိုပင် တွေးဆရခက်တတ်သည်။ မိမိတို့ ရောင်းဝယ်နေသော၊ စိုက်ပျိုးထုတ်လုပ်နေသော၊ ကုန်ချောပစ္စည်းများထုတ်လုပ်နေသော အရာများအားလုံးသည် အကြောင်းအရာအမျိုးမျိုးကို ရင်ဆိုင်နေရသည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်ကိုမျှော်မှန်းကြည့်ပြီး ကြိုတင်တွက်ချက်သည့်နည်းလမ်းများ၊ တွက်ချက်မှုများဖြင့် စီးပွားရေးအနာဂတ်ကို တည်ဆောက်ကြသည်။ စီးပွားရေးအောင်မြင်ရန် မျှော်လင့်ရုံဖြင့်မရဘဲ ကြိုတင်မျှော်မှန်းချက်များ၊ တွက်ချက်မှုများဖြင့် Vision များကိုရောက်အောင်၊ Goal ကို ရောက်အောင် ဆောင်ရွက်ကြရသည်။

**မျှော်မှန်းရခက်သောအခြေအနေများ**

သင်္ချာတွက်ချက်မှုကဲ့သို့မဟုတ်ဘဲ ပရမ်းပတာဖြစ်ပြီး မျှော်လင့်၍မရသည်များကို ကြုံတွေ့ရလေ့ရှိသည်။ ဘဝတွင် တစ်နှင့်တစ်ပေါင်းလျှင် နှစ်ရသည်ဟူသော တွက်ချက်မှုမျိုးမရနိုင်ပါ။ သို့သော်လည်း လူသားတို့သည် အနာဂတ်နှင့် မျှော်လင့်ချက်ကို သင်္ချာတွက်ချက်ခြင်းများဖြင့်ပင် ခန့်မှန်းကြသည်ဖြစ်သည်။ ဗေဒင်ပညာကို ကြည့်ပါ။ အနာဂတ်ကို ခန့်မှန်းခြင်းဖြစ်သော်လည်း တွက်ချက်မှုများဖြင့်သာ ဆောင်ရွက်ကြသည်ကို တွေ့နိုင်သည်။ ထို့ပြင် ရာသီဥတုကို ခန့်မှန်းကြသည်မှာလည်း သင်္ချာနည်းဖြင့် ပေါင်းစပ်တွက်ချက်ကြခြင်းပင်ဖြစ်သည်။ သို့ရာတွင် မမျှော်မှန်းနိုင်သောအခြေအနေများသည် အချိန်မရွေးဖြစ်ပေါ်လာတတ်ပြီး ကြိုတင်ပြင်ဆင်ထားသည်များနှင့် အလွဲကြီးလွဲသည်များလည်း ဖြစ်တတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် မမျှော်မှန်းနိုင်သောအခြေအနေများ ရုတ်တရက်ဖြစ်လာလျှင် မည်သို့စီမံခန့်ခွဲရမည်ကိုလည်း ကြိုတင်ပြင်ဆင်ရသည်သာဖြစ်သည်။

ဥပမာ-စိုက်ပျိုးရေးသမားများအတွက် မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည့်အချက်များကို ကြိုတင်မျှော်မှန်းမထားသည့်တိုင်အောင် ဖြစ်ပျက်တတ်သဖြင့် ထိုအခြေအနေများကို ကျော်လွှားနိုင်ရန် သီးနှံအာမခံစနစ်များကို အချို့သောနိုင်ငံများတွင် ထားရှိဆောင်ရွက်သည်များရှိသည်။ ကုန်လှောင်ထားသည့်အခါများတွင်လည်း ကြိုတင်မျှော်ထားသည်မျိုးမဟုတ်ဘဲ ခိုးယူခံရခြင်း၊ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခြင်းများလည်း ကြုံရတတ်သည်။ ထို့ပြင် ရုတ်တရက်ဈေးကျဆင်းခြင်း၊ ပြည်ပတင်ပို့နေသည့်ပစ္စည်းများတွင် ရောင်းနေကျနိုင်ငံမှ ရုတ်တရက်အဝယ်များရပ်တန့်ခြင်းစသည်များအားလုံးကို ကျော်လွှားနိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင်ရသည်။ သို့သော် ထိုသို့ ကြုံတွေ့ရလေ့ရှိသည့်အခြေအနေမျိုးမဟုတ်ဘဲ ကိုဗစ်-၁၉ ရောဂါကဲ့သို့ ရုတ်တရက်ဖြစ်ပွားလာသည်များကိုလည်း ကြုံတွေ့ရပြီး နည်းပညာဖြင့် အိမ်တွင်းမှပင်အလုပ်လုပ်ပြီး ကျော်လွှားနိုင်ခဲ့သည်။ အသစ်ဖြစ်သောပုံမှန်လုပ်ရမည့်နည်းလမ်းများဖြင့်လည်း ကျော်လွှားခဲ့ကြသည်။ သို့သော်လည်း လုံးဝထင်မထားသောပရမ်းပတာအခြေအနေမျိုးသည်လည်း ရှိတတ်ဖြစ်တတ်သည်။ မနက်ဖြန်ဘာလုပ်ရမည်ကိုပင်မသိအောင် အချိန်နှင့်အမျှပြောင်းလဲခြင်းမျိုး၊ ဈေးတက်လိုက်၊ ကျလိုက်ဖြစ်ခြင်းမျိုး စသည့်ပရမ်းပတာအခြေအနေမျိုးကိုလည်း ကြုံတွေ့နိုင်သည်။ ထိုဖြစ်စဉ်များကို မည်သို့ကျော်လွှားမည်လဲဆိုသည်ကို အဓိကစဉ်းစားကြရန်လိုအပ်သည်။ ပညာရှင်များက အဆိုပါပရမ်းပတာဖြစ်စဉ်များဖြစ်ပွားသည့်အခါတွင် အဆင်သင့်ဖြစ်နေရန် လိုအပ်သည်ဟုဆိုသည်။

**နည်းလမ်းများ**

ကျွန်တော်တို့ကြုံတွေ့နေရသောအခြေအနေများတွင် ပရမ်းပတာဖြစ်သည်ဟုထင်ရသောအခြေအနေများဖြစ်ပေါ်လာသည့်အခါတွင်လည်း စီးပွားရေးကို ထိန်းသိမ်းထားနိုင်ရန်လိုအပ်သည်။ ထိန်းသိမ်းနိုင်သည့်အခြေအနေမျိုးမဟုတ်ဘဲ အခက်အခဲများ မျှော်မှန်းချက်နှင့်လွဲနေသည်များဖြစ်ခြင်းကို အခက်အခဲအကျပ်အတည်းကိုစီမံခန့်ခွဲသည့်နည်းလမ်းများဖြင့် ချဉ်းကပ်ရန်၊ ကျော်လွှားရန် စီးပွားရေးပညာရှင်များက ပြောကြားကြသည်။ မည်သို့သောအခြေအနေများတွင်မဆို အနည်းငယ်မျှသောအခွင့်အလမ်း၊ မျှော်လင့်ချက်ရောင်ခြည်နှင့် နည်းလမ်းအနည်းငယ်ကျန်ရှိနေတတ်သည်။ ထိုအနည်းငယ်မျှသောအခြေအနေကောင်းကို မိမိရရဖမ်းဆုပ်နိုင်ရန် လိုအပ်သည်။

ထိုသို့ အခွင့်အလမ်းကလေးတစ်ခုကိုဖြစ်စေ ဖမ်းဆုပ်ပြီး တည်ငြိမ်အောင် ဦးစွာဆောင်ရွက်ရမည်ဖြစ်သည်။ ရည်မှန်းချက်၊ ဦးတည်ချက်များကိုဆစ်ပိုင်းပြီး အပိုင်းလိုက်၊ အပိုင်းလိုက် လုပ်ဆောင်ရမည့်နည်းလမ်းများ၊ စနစ်များကို သေချာချမှတ်ရန်လိုအပ်သည်။ အထူးသဖြင့် လုပ်ငန်းငယ်များသည် အထိအခိုက်၊ အများအယွင်းကို ခံနိုင်ရည်နည်းသောငွေကြေးအရင်းအမြစ်မျိုးဖြစ်တတ်သဖြင့် လုံးဝအရှုံးမရှိစေရေးအတွက် တစ်နာရီချင်း၊ တစ်ရက်ချင်း လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ ပြန်သုံးသပ်နေရန်လိုအပ်သည်။ Pre Check, Check, Re Check ဟူသောအချက်ကို သေချာချမှတ်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ မပေါ့မဆလုပ်ကိုင်ရန်လိုအပ်သည်။ ထိုအခါတွင် လုပ်ကိုင်ရင်းအကောင်းမြင်သည့်လုပ်ကိုင်မှုများ၊ ဆောင်ရွက်မှုများဖြစ်ပေါ်စေပြီး မိမိဘာသာအားပေးခြင်းမျိုးကိုလည်း ရရှိစေသည်။ အကောင်းဘက်သို့တွန်းအားကို ဖြစ်စေသည်။

ပထမလုပ်ကိုင်ရန် စီစဉ်ထားသောအရာသည် ချက်ချင်းပြောင်းသွားလျှင် မိမိအစီအစဉ်ကိုလည်း ချက်ချင်းလိုက်ပြောင်းနိုင်ရန်အတွက်ပါ စဉ်းစားထားရန်လိုအပ်သည်။ ပထမအစီအစဉ်မဖြစ်လျှင် ဒုတိယအစီအစဉ်ပြောင်းရန်၊ ဒုတိယအစီအစဉ်မဖြစ်လျှင် အရေးပေါ်အခြေအနေဖြင့် အကောင်းဆုံးလုပ်ကိုင်နိုင်ရန်ဆောင်ရွက်ရမည်ဖြစ်သည်။ အချို့ဆိုင်များတွင် ယနေ့ရောင်းရငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည်ဟု ရေးထားတတ်ကြသည်။ ထိုစာတမ်းသည် ကိုယ့်ဘာသာသတိပေးနေခြင်းက အဓိကဖြစ်သည်။ မနက်ဖြန်အတွက် အရင်းမပျောက်အောင် သတိပြုရန်၊ သုံးသပ်ရန်၊ စရိတ်စကကို သတိပြုရန်ဖြစ်သည်။ ထိုကဲ့သို့ပင် အချိန်နှင့်အမျှ ဈေးပြောင်းနိုင်သည်ကို သတိပြုပြီး ဈေးပြောင်းသည့်အခြေအနေမြန်ဆန်နေလျှင် လှောင်ထားခြင်းထက် လက်လွှဲရောင်းနေသည်က ကောင်းသည်ကို သတိပြုရမည်ဖြစ်သည်။

**စစ်ဆင်ရေးပုံစံစီမံခန့်ခွဲခြင်း**

စစ်ဆင်ရေးပုံစံစီမံခန့်ခွဲခြင်း (Operation Management) တွင် လုပ်ငန်းတစ်ခုချင်းကို အချိန်အတိုဆုံး၊ အရင်းအနှီး သို့မဟုတ် ကုန်ကျစရိတ်အနည်းဆုံးနည်းလမ်းကို ရွေးချယ်ခြင်းနှင့် နည်းလမ်း Process များအနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲခြင်းကိုပြုလုပ်ရသည်။ Right time, Right place and Right person များဖြင့် အချိန်အတိုဆုံး၊ ငွေကြေးကုန်ကျစရိတ်အနည်းဆုံးနှင့် လူအားလုပ်အားအတိုဆုံးနည်းလမ်းများကို ရှာဖွေဆောင်ရွက်နိုင်ရန်လိုအပ်သည်။ လုပ်ငန်းအခြေအနေနှင့် အနာဂတ်ကိုမျှော်လင့်ရခက်ခဲသည့်အချိန်များတွင် ယခုOperation Management ကို တစ်ရက်ချင်းရေးဆွဲချမှတ်ပြီး ဆောင်ရွက်သင့်သည်။ အတိုချုပ်ပြောရလျှင် လမ်းရွေးချယ်သည်နှင့် သဏ္ဍာန်တူသည်။ ရည်မှန်းချက်သို့ အတိုဆုံးနှင့်ကုန်ကျစရိတ်အနည်းဆုံးဖြစ်သည့်လမ်းကြောင်း၊ နည်းလမ်းကို စီမံခန့်ခွဲရွေးချယ်ပြီး လက်တွေ့ဆောင်ရွက်ခြင်းဖြစ်သည်။

ဥပမာ-တီးဝိုင်းတစ်ခုကို လားရှိုးတွင် တစ်ပတ်အတွင်းကျင်းပရန် စီစဉ်ရသည်ဆိုပါက အချိန်နည်းခြင်းကြောင့် ကုန်ကျစရိတ်ကိုနည်းသည့်နည်းလမ်းရွေးမည်လား၊ ကုန်ကျစရိတ်ကိုမတွက်ဘဲ အချိန်တိုတောင်းစွာ ဆောင်ရွက်နိုင်မည့်နည်းလမ်းကိုရွေးမည်လား စသည်ဖြင့် စဉ်းစားရပြီဖြစ်သည်။ လားရှိုးသို့ ကားဖြင့်တက်လျှင် မည်မျှကြာမည်၊ အချိန်မည်မျှယူရမည်။ လမ်းခရီးကြန့်ကြာချိန်နှင့် မမျှော်မှန်းနိုင်သောအခက်အခဲများ ကြုံလာလျှင် မည်သို့ဆောင်ရွက်မည် စသည်တို့ကအစ ကြိုတင်ပြင်ဆင်ရမည်ဖြစ်သည်။

ဥပမာ-တီးဝိုင်းအဖွဲ့သားများက လေယာဉ်ဖြင့်သွားမည်၊ မည်သူကကြိုတင်သွားရောက်ပြီး ပြင်ဆင်မည် စသည်တို့ကို သေချာစဉ်းစားသုံးသပ်စီစဉ်ရမည်ဖြစ်သည်။ ထို့ပြင် တီးဝိုင်းဖြင့် ဖျော်ဖြေနေချိန်တွင် လျှပ်စစ်မီးပျက်သည်ဆိုပါက မီးစက်ကိုကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ Total Quality Management, Supply Chain Management စသောနည်းလမ်းများဖြင့် လုပ်ကိုင်ကြရမည်ဖြစ်သည်။ Total Quality Management ကဲ့သို့ စီမံခန့်ခွဲမှုကိုဆောင်ရွက်ခြင်းမျိုးသည်လည်း အလွန်ကောင်းမွန်သောနည်းလမ်းဖြစ်သည်။

**ကျော်လွှားမည့်လှေကားသုံးထစ်**

အခက်အခဲများကို ခန့်မှန်းရန်မလွယ်ကူဘဲ ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရသည့်အခါမျိုးတွင် ယခုတင်ပြမည့် လှေကားသုံးထစ်နည်းလမ်းကို သုံးကြည့်သင့်သည်။ လှေကားသုံးထစ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ပထမအဆင့်မှာ တည်ငြိမ်အောင်ဆောင်ရွက်ရေးဖြစ်သည်။ ရုတ်တရက်ဆုံးရှုံးမှုများကြုံတွေ့ရသည့်အချိန်တွင် တည်တည်ငြိမ်ငြိမ်ဖြင့်ဖြေရှင်းနိုင်ရေးသည် အရေးကြီးဆုံးဖြစ်သည်။ ဆရာဝန်ကြီးတစ်ဦးသည် ခွဲစိတ်ခန်းဝင်ခါနီးတွင် သူ့မိသားစုပါသောမော်တော်ကား အက်စီးဒင့်ဖြစ်သည်ကိုကြားလိုက်ရသည်။ သို့ရာတွင် ခွဲစိတ်ခန်းဝင်ရန်မှာလည်း မဖြစ်မနေလုပ်ရတော့မည့်အခြေအနေ၊ သေရေးရှင်ရေးကိစ္စဖြစ်နေသည့်အချိန်ဖြစ်သည်။ ထိုအခြေအနေတွင် ခွဲစိတ်မှုကို အောင်မြင်အောင် တည်တည်ငြိမ်ငြိမ်ဆောင်ရွက်ပြီးမှ မိသားစုထံသွားရောက်နိုင်သည်ဆိုသည့်အဖြစ်အပျက်ကလေးတစ်ခုကို ကြားဖူးသည်။ ထိုအခြေအနေမျိုးဆိုလျှင် အဓိကဖြစ်လာတတ်သည်မှာ စိတ်လှုပ်ရှားခြင်း၊ ပူပန်ကြောင့်ကြခြင်းနှင့် ဆုံးဖြတ်ရန်ခက်ခဲပြီး ချီတုံချတုံ၊ ဆုံးဖြတ်ရန်ဝေဝါးသွားခြင်းမျိုးကြုံလေ့ရှိသည်။


ထို့အတူပင် စီးပွားရေးတွင်လည်း သင်္ဘောမှောက်သည်ကိုပင် မတုန်လှုပ်သည့်စီးပွားရေးသမားမျိုးဖြစ်ရန် ကြိုးစားရမည်ဖြစ်သည်။ ခက်ခဲသောနည်းလမ်းတစ်ခုဖြစ်သော်လည်း ဘာသာတရားဘက်ကကြည့်ပြီး ဖြစ်ခြင်း၊ ပျက်ခြင်းများကိုလည်း အချိန်မရွေးကြုံရနိုင်သည်ကို ကြိုတင်စဉ်းစားထားရန်လိုအပ်သည်။ အခက်အခဲကြုံရလျှင် အရင်ဆုံးလုပ်ရမည့်အချက်မှာ တည်ငြိမ်အောင်ဆောင်ရွက်ရန်ဖြစ်သည်။ ငွေရေးကြေးရေးအပိုင်းတွင်လည်း တည်ငြိမ်ရန် ဦးစားပေးစီစဉ်ရမည်ဖြစ်သည်။ ပြီးလျှင် ချက်ချင်းပင် အခြေအနေကိုသုံးသပ်ရမည်ဖြစ်သည်။ တိုင်ပင်သင့်သူများကို တိုင်ပင်ရမည်ဖြစ်ပါသည်။

ဒုတိယအဆင့်မှာ ရှေ့သို့ လှမ်းမျှော်ကြည့်ခြင်းဖြစ်သည်။ မနက်ဖြန်ဘာဖြစ်မည်။ နောက်တစ်ပတ်တွင် ဘာဖြစ်နိုင်သည် စသည်တို့ကိုကြိုတင်ပြီး Operation Management ဆောင်ရွက်နိုင်ရန် အကောင်းဆုံးပြင်ဆင်ပါ။ ကြိုတင်ခန့်မှန်းတွက်ဆပါ။ အပြန်ပြန်အလှန်လှန်သုံးသပ်ပါဟု အကြံပေးလိုသည်။ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ကာလတို၊ အားချင်းဆောင်ရွက်နေရမည့်အစီအမံများချမှတ်နိုင်ရန် အချိန်နှင့်အမျှသတင်းအချက်အလက်စုစည်းခြင်း၊ ကြိုတင်ခန့်မှန်းခြင်းများကို ဆက်တိုက်ဆောင်ရွက်နေရန်လိုအပ်သည်။ တည်ငြိမ်မှုမပျက်ပြားအောင်ဆောင်ရွက်ရမည်။ ခိုင်မြဲအောင်ဆုပ်ကိုင်ထားပြီး ရှေ့ကိုကြည့်နေပါဟုဆိုချင်သည်။

တတိယအဆင့်မှာ အစီအစဉ်သစ်ကို ပြန်လည်ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ပါ။ အခြေအနေသစ်၊ အရင်းအနှီးပုံစံအသစ်၊ လူသစ်စိတ်သစ်ဖြင့် ပြန်လည်စတင်ပါဟုဆိုချင်သည်။ ကြုံတွေ့ရသည့်အခက်အခဲများကို တည်ငြိမ်စွာရင်ဆိုင်ပြီးလျှင် သတင်းအချက်အလက်များဖြင့် အနာဂတ်ကို ပုံဖော်ပါ။ မည်သို့ဖြစ်နိုင်မည်ကိုသုံးသပ်ပါ။ ပြီးလျှင် အစီအစဉ်အသစ်ကို ကာလတိုများပိုင်းခြားပြီးစီစဉ်ပါဟု အကြံပြုလိုသည်။

မည်သည့်အခြေအနေမျိုးကို ကြုံတွေ့သည်ဖြစ်စေ အကောင်းမြင်စိတ်ထားပါ။ This, too, will pass. ပြီးသွားပါလိမ့်မည်ဟု စိတ်တွင်မွေးမြူ၍ ကျော်လွှားနိုင်ရန်ဆောင်ရွက်ရမည်။ မိမိအတွေ့အကြုံများကို အခြေခံပြီး အကောင်းဆုံးတွေး၊ အကောင်းဆုံးလုပ်၊ အကောင်းဆုံးရင်ဆိုင်အနိုင်ယူပါ။ ကိုယ့်ကိုယ်ကိုယ် ဦးစွာတည်ငြိမ်စွာ အနိုင်ယူနိုင်အောင်ဆောင်ရွက်ပါ။ ပြီးလျှင် စီးပွားရေးကို နာလန်ထူအောင်ဆောင်ရွက်သွားရန်လိုကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်


ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၃၆၆ ဧက စိုက်ပျိုးပြီးစီး

**ဝက်လက် ဇက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၃၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြခဲ့ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၂၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ဇက်တင်ဘာ ၁ ရက်ထိ ၂၂၃၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ဧက ၂၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပြီး ဧက ၂၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ပဲစင်းငုံကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ ဇက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၂၁၁၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက်ပျိုး တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ပဲမျိုးစုံ ၇၇၇၂၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ဇက်တင်ဘာ ၁ ရက်ထိ ၃၂၈၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၂၀၆)


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

# လေးမျက်နှာမြို့နယ် ကွင်းကြီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်နိုင်ရန် စစ်ဆေး

**လေးမျက်နှာ ဇက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွင်းကြီးကျေးရွာအုပ်စု ကွင်းကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဇက်တင်ဘာ ၁ ရက်မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် တာဝန်ရှိသူများ၊ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း စတင်ဆောင်ရွက်မည့် လမ်းနေရာကို တိုင်းတာစစ်ဆေးခဲ့ကြသည်။

လေးမျက်နှာမြို့နယ် ကွင်းကြီးကျေးရွာတွင် ဆောင်ရွက်မည့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းသည် အရှည်ပေ ၉၂၀၊ အကျယ်တစ်ဖက် သုံးပေ၊ အမြင့် ခုနစ်လက်မဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ ဖြင့် ဇက်တင်ဘာလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ရှည်ထံမှ သိရသည်။

**တေဇလင်း**

# ရိုးရာစစ်ပေမို့ တိုးကာချစ်စို့

- ဂန္ထဝင် ကဗျာလှတို့
မွမ်းခြယ်သ စွဲမက်ငင်၊
ဖွဲ့ထုံးမှန် နည်းစနစ်ကျလို့
လှပသက်ဝင်၊
စည်းဘောင်နဲ့ တန်ဆာဆင်
ချိုကြည်လွင် ကာရန်နွဲ့၊
ရေးဆစ်ပုံ
မွေးသစ်ထုံ ညို့ယူစွမ်း
ဖမ်းစားနိုင်ရဲ့။

- ဂုဏ်အလင်္ကာ ရသလွှမ်း
ဖွဲ့သီမွမ်း ပုံရိပ်ဖြာ၊
ကြည်မွေ့သူ ရင်ထဲရောက်
ထွင်းဖောက်နိုင်စွာ၊
လောကဘာ သိသညာ
စိမ့်ဖြာစေ ရင်ဝယ်ငြိမ်း၊
အားသစ်တွေ
ပွားရစ်စေ လှုံ့ဘောင်တွင်း
ချစ်ခြင်းတွေကိန်း။


- "မြန်မာကဗျာ"အခြေအမြစ်က
စံအနှစ် "ဂန္ထဝင်"၊
ခေတ်ချိန်ခါ ဘယ်လောက်ညောင်းလည်း
မပြောင်းမလဲပင်၊
ဒွေးတြိလေး အချိုးဖွဲ့အပြင်
တေးချင်းစုံလင် ဆန်းပြားလို့
စည်းစနစ်ကျ ဖွဲ့နည်းသွင်ပြင်
ကဗျာ့ဂုဏ်အင် သစ်မြဲမို့၊
မညှိုးမညစ်မသွေ
မျိုးချစ်အမွေ ဂုဏ်ရည်လက်စေဖို့
ယုံကြည်ချက် အခြေခိုင်ခိုင်နဲ့
ကိုယ်ပိုင်ဟန် ကိုယ့်နည်းထုံး
ဖွဲ့သီမှုန်း စောင့်ထိန်းဆက်ခံကာ
မြန်မာမှန် ဂန္ထဝင်အနှစ်ရယ်က
မြတ်နိုးဖွယ် ရိုးရာစစ်ပေမို့
(ကွယ်. . .)
တိုးကာချစ်စို့။ ။

**နိုင်နိုင်နွယ်(ပညာရေး)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်


ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။


# နိုင်ငံတကာ သတင်းများ

## ဆာမက် တိုက်ချင်းပစ်ဒုံးကျည်များ ရုရှားနိုင်ငံ စတင်ဖြန့်ကြက်

**မော်စကို စက်တင်ဘာ ၂**

ရုရှားနိုင်ငံသည် ဆာမက် အမည်ရှိ မဟာဗျူဟာမြောက် မျိုးဆက်သစ် တိုက်ချင်းပစ်ဒုံးကျည်များကို တိုက်ပွဲတာဝန်အတွက် ဖြန့်ကြက်လိုက်ပြီ ဖြစ်ကြောင်း မော်စကိုတိုင်းမ် သတင်းစာက စက်တင်ဘာ ၁ ရက်တွင် ဖော်ပြခဲ့သည်။

ဆာမက်တိုက်ချင်းပစ်ဒုံးကျည်များသည် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် စစ်ရေးတာဝန်များအတွက် အသင့်ရှိနေလိမ့်မည် ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ယခင်က ပြောခဲ့ဖူးသော်လည်း ယခုနှစ်မှပင် စတင်ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံအနေဖြင့် ဆာမက်တိုက်ချင်းပစ်ဒုံးကျည်များကို စစ်ရေးတာဝန်များအတွက် ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီအကြီးအကဲ ယူရီဘောရစ်ဆော့ဗ်က စက်တင်ဘာ ၁ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

သို့သော် ဆာမက်တိုက်ချင်းပစ်ဒုံးကျည်များကို မည်သည့်နေရာများ၌ အရေအတွက်မည်မျှဖြန့်ကြက်ထားသည်ကို ဘောရစ်ဆော့ဗ်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ဆာမက် ဒုံးကျည်များသည် နျူကလီးယားထိပ်ဖူး အနည်းဆုံး ၁၀ခု သယ်ဆောင်၍ အသံလွန်အမြန်နှုန်းဖြင့် ပျံသန်းနိုင်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ဆာမက် မျိုးဆက်သစ်မဟာဗျူဟာမြောက် တိုက်ချင်းပစ်ဒုံးကျည်များတည်ဆောက်နေမှုကို ရုရှားနိုင်ငံက ၂၀၁၈ ခုနှစ်ကပင် ကြေညာထားပြီး ဖြစ်ကြောင်း သိရသည်။ KKO



## တရုတ်သမ္မတရှီကျင့်ဖျင်နှင့် မကြာမီကာလအတွင်း တွေ့ဆုံမည်ဟု ရုရှားသမ္မတပူတင် ပြောကြား



**မော်စကို စက်တင်ဘာ ၂**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မကြာမီကာလအတွင်း တွေ့ဆုံဆွေးနွေးနိုင်ရန် မိမိမျှော်လင့်ထားကြောင်း ရုရှားသမ္မတပူတင်က စက်တင်ဘာ ၁ ရက်တွင်ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် ရပ်ဝန်းနှင့်လမ်းအစီအစဉ် နိုင်ငံတကာ ညီလာခံ တက်ရောက်ရေးအတွက် ယခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတသည် ယခုနှစ်မတ်လအတွင်း မော်စကိုမြို့သို့ ရောက်ရှိခဲ့စဉ်က ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာ ညီလာခံတက်ရောက်ရန် သမ္မတပူတင်ကို ဖိတ်ကြားထားသည်။

မကြာမီကာလအတွင်း မိမိအနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဖြစ်လိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က စက်တင်ဘာ ၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ရုရှားသမ္မတ ပူတင်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်ထိ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တက်ရောက်မည်မဟုတ်ဘဲ နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်ကိုသာ ကိုယ်စားပြုစေလွှတ်မည်ဖြစ်သည်။

ထို့ပြင် ရုရှားသမ္မတပူတင်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း တောင်အာဖရိကနိုင်ငံ၌ ကျင်းပသည့် ဘရစ်အုပ်စုထိပ်သီးညီလာခံသို့လည်း လူကိုယ်တိုင်တက်ရောက်မှုမရှိခဲ့ကြောင်း သိရသည်။ KKO

## အီကွေဒေါ်၌ အကျဉ်းသားများက ဓားစာခံအဖြစ်ဖမ်းဆီးထားသော အကျဉ်းထောင်လုံခြုံရေး ဦးရေ ၅၀ ကျော် ပြန်လည်လွတ်မြောက်

**ကွီတို စက်တင်ဘာ ၂**

အီကွေဒေါ်နိုင်ငံ အတွင်းရှိ အကျဉ်းထောင်ပေါင်း ခြောက်ခုတို့၌ တစ်ရက်ကျော်ကြာ ဓားစာခံအဖြစ်ဖမ်းဆီးခံထားရသည့်အကျဉ်းထောင်လုံခြုံရေးဝန်ထမ်း ဦးရေ ၅၀ နှင့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးတို့ပြန်လည်လွတ်မြောက်လာကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြန်လည် လွတ်မြောက်လာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်အားလုံး ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း အီကွေဒေါ်တာဝန်ရှိသူများက စက်တင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အကျဉ်းထောင်လုံခြုံရေးများနှင့် ရဲတပ်ဖွဲ့ဝင်များကို အကျဉ်းသားများက ဩဂုတ် ၃၁ ရက်တွင် ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အီကွေဒေါ်အစိုးရ၏ အကျဉ်းထောင်လုံခြုံရေး စီမံချက်များကို တုံ့ပြန်သည့်အနေဖြင့် အကျဉ်းထောင်များအတွင်းရှိ ရာဇဝတ်ဂိုဏ်းများက အကျဉ်းထောင်လုံခြုံရေးဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အီကွေဒေါ်အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အီကွေဒေါ်အစိုးရသည် အကျဉ်းထောင်များအတွင်း ပြိုင်ဘက်ရာဇဝတ်ဂိုဏ်းများကြား ပဋိပက္ခဖြစ်ပွားမှုကိုထိန်းချုပ်ရေးအတွက် အီကွေဒေါသမ္မတ လက်ဆိုသည် ဇူလိုင် ၁၄ ရက်တွင် အီကွေဒေါ်အကျဉ်းထောင်စနစ်တစ်ခုလုံးအတွက် အရေးပေါ်အခြေအနေကြေညာထားသည်။

၂၀၂၁ ခုနှစ်မှစ၍ အီကွေဒေါ်အကျဉ်းထောင်များ၌ အကျဉ်းသားများကြားရန်ပွဲများကြောင့် အကျဉ်းသား ဦးရေ ၄၃၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

KKO

## ပင်လယ်ဝါအတွင်းသို့ ခရုစ်ဒုံးကျည်များ မြောက်ကိုရီးယားနိုင်ငံ ပစ်လွှတ်

**ပြုံယမ်း စက်တင်ဘာ ၂**

မြောက်ကိုရီးယားနိုင်ငံသည် ယနေ့နံနက်ပိုင်းတွင် ပင်လယ်ဝါရေပြင်အတွင်းသို့ ခရုစ်ဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် မြောက်ကိုရီးယား ခရုစ်ဒုံးကျည်ပစ်လွှတ်မှု အသေးစိတ်အချက်အလက်များကို အမေရိကန်နှင့် တောင်ကိုရီးယားစစ်ဘက်တို့က အသေးစိတ်လေ့လာဆန်းစစ်နေကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း ဒုံးကျည်စမ်းသပ်မှုနှင့် စစ်ရေးလေ့ကျင့်မှုများကိုဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြောက်ကိုရီးယား၏ ယနေ့ခရုစ်ဒုံးကျည် ပစ်လွှတ်မှုများသည် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေကြောင်း တောင်ကိုရီးယားအစိုးရကဝေဖန်ထားသည်။

အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတို့က နှစ်စဉ်ပြုလုပ်မြဲပူးတွဲစစ်ရေးလေ့ကျင့်မှု တစ်ရပ်ပြုလုပ်နေချိန်တွင် ပင်လယ်ဝါရေပြင်အတွင်းသို့ မြောက်ကိုရီးယားနိုင်ငံက ခရုစ်ဒုံးကျည်များပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် မြောက်ကိုရီးယားက မှတ်ယူထားကြောင်း သိရသည်။

KKO

## ဒုတိယဝန်ကြီးချုပ်ဟောင်း ရှန်မူဂါရက်နမ် စင်ကာပူသမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိ

**စင်ကာပူ စက်တင်ဘာ ၂**

စက်တင်ဘာ ၁ရက်တွင် ကျင်းပခဲ့သည့် စင်ကာပူသမ္မတရွေးကောက်ပွဲ၌ စင်ကာပူဒုတိယဝန်ကြီးချုပ်ဟောင်း သာမင်ရှန်မူဂါရက်နမ်က အနိုင်ရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၆၆ နှစ်အရွယ်သာမင်ရှန်မူဂါရက်နမ်သည် လက်ရှိအာဏာရ ပြည်သူ့လှုပ်ရှားမှုပါတီ (ပီအေပီ) အဖွဲ့ဝင်ဟောင်းတစ်ဦးလည်းဖြစ်သည်။

စက်တင်ဘာ ၁ ရက် သမ္မတရွေးကောက်ပွဲတွင် ရှန်မူဂါရက်နမ်က ထောက်ခံမဲ ၇၀ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ပြိုင်ဘက်များအား အပြတ်အသတ် အနိုင်ရခဲ့ကြောင်း သိရသည်။



သမ္မတရွေးကောက်ပွဲ အနိုင်ရလဒ်ကြောင့် ရှန်မူဂါရက်နမ်သည် စင်ကာပူ၏ နိုင်ငံတော်အကြီးအကဲဖြစ်လာမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးသောနိုင်ငံဖြစ်ပြီး ဝန်ကြီးချုပ်မှာ အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။

စင်ကာပူနိုင်ငံ၌ သမ္မတရာထူးမှာ ဂုဏ်ထူးဆောင်ရာထူးဖြစ်သော်လည်း စင်ကာပူသမ္မတရွေးကောက်ပွဲများကိုမူ လက်ရှိအာဏာရပါတီအပေါ် ပြည်သူများထားရှိသည့် သဘောထားကို ထင်ဟပ်နိုင်သော ရွေးကောက်ပွဲအဖြစ် အများက ရှုမြင်ထားသည်။

သာမင်ရှန်မူဂါရက်နမ်သည် စင်ကာပူနိုင်ငံ၏ နဝမမြောက် သမ္မတဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# နော်တင်ဟမ်အသင်းက အပြောင်းအရွှေ့နောက်ဆုံးရက်တွင် ကစားသမားသစ် ခြောက်ဦးထိခေါ်ယူ




**လန်ဒန် ဇော်တင်ဘာ ၂**

နော်တင်ဟမ် အသင်းသည် အပြောင်းအရွှေ့ နောက်ဆုံးရက်တွင် ခံစစ်ကစားသမား အိုမိုဘာမီဒယ်လီ၊ ကွင်းလယ်ခံစစ်ကစားသမား ဆန်ဂါရီ၊ ဂိုးသမား ဗလာဒီချီမိုဗ်၊ ကွင်းလယ်ခံစစ်ကစားသမား နီကိုလက်စ်၊ တိုက်စစ်မှူး အိုရီဂီ၊ တောင်ပံကစားသမား အိုဒွိုင်းတို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နော်တင်ဟမ် အသင်းသည် အပြောင်းအရွှေ့ နောက်ဆုံးရက်တွင် တိုက်စစ်မှူး ဘရန်နန်ဂျွန်ဆင်ကို စပါးအသင်းသို့ ယူရို ၅၃ သန်းဖြင့်ရောင်းချခဲ့ပြီးနောက် နော့ဝ့်စ်အသင်းမှ ခံစစ်ကစားသမား အိုမိုဘာမီဒယ်လီကို ယူရို ၂၃ သန်းဖြင့်လည်းကောင်း၊ ပီအက်စ်ဗွီအသင်းမှ ကွင်းလယ်ကစားသမား ဆန်ဂါရီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်လည်းကောင်း၊ ဘင်ဖီကာအသင်းမှ ဂိုးသမား ဗလာဒီချီမိုဗ်ကို ပြောင်းရွှေ့ကြေး ယူရို ကိုးသန်းဖြင့်လည်းကောင်း၊ ဘိုလော့ဂ်နာအသင်းမှ ခံစစ်ကစားသမား နီကိုလက်စ်ကို ယူရို ၁၅ သန်းဖြင့်လည်းကောင်း၊ ချဲလ်ဆီးအသင်းမှ တောင်ပံကစားသမား အိုဒွိုင်းကို ယူရို ၃ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ အေစီမီလန်အသင်းမှ တိုက်စစ်မှူး အိုရီဂီကို တစ်ရာသီ အငှားစာချုပ်ဖြင့်လည်းကောင်း ကစားသမားခြောက်ဦးထိ ထပ်မံခေါ်ယူနိုင်ခဲ့သည်။

ထို့ပြင် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားခွင့်ရရှိရေးအတွက် နော်တင်ဟမ်အသင်းအနေဖြင့် ခံစစ်ကစားသမား အိန်နာကို အလွတ်ပြောင်းရွှေ့ကြေး၊ မန်ယူအသင်းမှတောင်ပံကစားသမား အယ်လန်ဂါကို ယူရို ၁၈ သန်း၊ အာဆင်နယ်အသင်းမှ ဂိုးသမား မက်တာနာကို ပြောင်းရွှေ့ကြေး ယူရို ၁၁ သန်း၊ အေဗီလာအသင်းမှ ခံစစ်ကစားသမား မွန်တီရယ်ကို တစ်ရာသီအငှားစာချုပ်၊ ချဲလ်ဆီးအသင်းမှ ဆန်းတို့စ်ကို တစ်ရာသီအငှားစာချုပ်၊ ဘရာဇီးအသင်းမှ မူရီလိုကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်း၊ အာဆင်နယ်အသင်းမှ တာဗာရက်စ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

# လီဗာပူးအသင်းက ဂရာဗန်ဘာ့ချ်ကို အပြောင်းအရွှေ့မပိတ်သိမ်းမီ ခေါ်ယူနိုင်ခဲ့

**လန်ဒန် ဇော်တင်ဘာ ၂**

လီဗာပူးအသင်းသည် ကွင်းလယ်ခံစစ်ပိုင်းအတွက် ဘိုင်ယန်မြူးနစ်အသင်းကစားသမား ဂရာဗန်ဘာ့ချ်ကိုခေါ်ယူရန် ကာလရှည်ဆွေးနွေးခဲ့ရသော်လည်း အပြောင်းအရွှေ့မပိတ်သိမ်းမီ နောက်ဆုံးရက်တွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် အသက် ၂၁ နှစ်ရှိ ဂရာဗန်ဘာ့ချ်ကိုခေါ်ယူရန် ပြီးခဲ့သည့် ဩဂုတ် ၃၀ ရက်ကတည်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် သဘောတူညီမှုရယူနိုင်ခဲ့ပြီး အပြောင်းအရွှေ့ နောက်ဆုံးရက်တွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ဂရာဗန်ဘာ့ချ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အေဂျက်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် ဘွန်ဒက်စ်လီဂါဆုဖလားဆွတ်ခူးနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် ပြိုင်ပွဲစုံ ၃၄ ပွဲပါဝင်ကစားခဲ့ရာတွင် လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသောကြောင့် ယခုအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။

လီဗာပူးအသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှအဓိကကွင်းလယ်ကစားသမားများ ထွက်ခွာသွားသောကြောင့် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဘရိုက်တန်အသင်းကစားသမား ကာစီဒိုနှင့် ဆောက်သမ်တန်အသင်း ကစားသမား လာဗီယာတို့ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကစားသမားများအနေဖြင့် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သဖြင့် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဂရာဗန်ဘာ့ချ်ကို ခေါ်ယူခဲ့ကြောင်း သိရသည်။ ML




# ၂၀၂၃ နွေရာသီအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများအနေဖြင့် အသုံးစရိတ် စတာလင်ပေါင် ၂ ဒသမ ၃၆ ဘီလီယံရှိခဲ့ဟုဆို

**လန်ဒန် ဇော်တင်ဘာ ၂**

၂၀၂၃ နွေရာသီအပြောင်းအရွှေ့ကာလ ပိတ်သိမ်းပြီးနောက် ပရီးမီးယားလိဂ်ကလပ်အသင်းများအနေဖြင့် ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂ ဒသမ ၃၆ ဘီလီယံထိ အသုံးပြုခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလကို ပြီးခဲ့သည့် ဇွန် ၁၄ ရက်မှစတင်ကာ စက်တင်ဘာ ၁ ရက်တွင် ပိတ်သိမ်းခဲ့ပြီးနောက် ကလပ်အသင်းများအနေဖြင့် ကစားသမားသစ် ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး အသုံးစရိတ် ၂ ဒသမ ၃၆ ဘီလီယံထိ အသုံးပြုခဲ့သောကြောင့် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အသုံးပြုခဲ့သည့်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁ ဒသမ ၉၂ ဘီလီယံထက် စတာလင်ပေါင် ၂၅၅ သန်းပိုများခဲ့သောကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် အသုံးစရိတ်အများဆုံးအသုံးပြုခဲ့သည့် အပြောင်းအရွှေ့ရာသီအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပရီးမီးယားလိဂ်ကလပ်အသင်းများအသုံးပြုခဲ့သည့် အသုံးစရိတ်မှာ ဥရောပထိပ်သီးကလပ်များဖြစ်သည့် လာလီဂါ၊ စီးရီးအေ၊ ဘွန်ဒက်စ်လီဂါနှင့် ပြင်သစ်လီဂူးတို့ထက် ကစားသမားသစ်ခေါ်ယူမှုပိုမိုပြုလုပ်နိုင်ခဲ့ကာ အသုံးစရိတ် ၄၈ ရာခိုင်နှုန်းထိရှိခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ကလပ်အသင်းများထဲတွင် ချဲလ်ဆီးအသင်းက ကစားသမားသစ်ခေါ်ယူမှု အများဆုံးပြုလုပ်ကာ အသုံးစရိတ် စတာလင်ပေါင် ၄၂၈ ဒသမ ၈ သန်းထိ အသုံးပြုခဲ့ပြီး မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၁၁ သန်း၊ အာဆင်နယ်အသင်းက အသုံးစရိတ် စတာလင်ပေါင် ၂၀၆ ဒသမ ၅ သန်း၊ နယူးကာဆယ်အသင်းက အသုံးစရိတ် စတာလင်ပေါင် ၁၃၀ ဒသမ ၈ သန်း၊ မန်ယူအသင်းက အသုံးစရိတ် စတာလင်ပေါင် ၁၆၇ ဒသမ ၄ သန်း အသုံးပြုခဲ့ကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ဖူလ်ဟမ်အသင်းက တောင်ပံကစားသမား အီဝိုဘီကို ပြောင်းရွှေ့ကြေး ယူရို ၂၆ သန်းဖြင့်ခေါ်ယူကာ လာမည့် ၂၀၂၈ ခုနှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက ဂရင်းဝုဒ်ကို ဂီတာဖေးအသင်းသို့ အငှားစာချုပ်ဖြင့်စေလွှတ်ခဲ့ပြီးနောက် အမ်မရာဘတ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းပေးချေ၍ တစ်ရာသီအငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူခဲ့သည်။
- ဘာစီလိုနာအသင်းက အေတီကိုအသင်းတိုက်စစ်မှူး ဂျာအိုဖီးလစ်နှင့် မန်စီးတီးအသင်း ခံစစ်ကစားသမား ကန်ဆယ်လိုတို့ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၄) ရလဒ်

| | | | | |
|---|---|---|---|---|
| ရှက်ဖီးလ်(ယူ) | ၂ | - | ၂ | အဲဗာတန် |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | ဘုန်းမောက် |
| ဘန်လေ | ၂ | - | ၅ | စပါး |
| ချဲလ်ဆီး | ၀ | - | ၁ | နော်တင်ဟမ် |
| မန်စီးတီး | ၅ | - | ၁ | ဖူလ်ဟမ် |

(ဝ၄ဝ)

# ဩဂုတ်လအတွက် မန်ယူအသင်းတစ်လတာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက် ရရှိ

**မန်ချက်စတာ ဇော်တင်ဘာ ၂**

မန်ယူအသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဂိုးသမားအိုနာနာနှင့် ခံစစ်ကစားသမားဝမ်ဘစ်ဆာကာတို့ကိုကျော်ဖြတ်ပြီး ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်က ရရှိခဲ့သည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းက လစဉ်တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် အသင်းမှဆန်ခါတင်ကစားသမားသုံးဦးရွေးချယ်ခဲ့ပြီး ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ဘရူနိုဖာနန်ဒက်က ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့သည့် အသင်းဖော် ဂိုးသမားအိုနာနာနှင့် ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာတို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘရူနိုဖာနန်ဒက်သည် မန်ယူအသင်းနှင့်အတူ ဩဂုတ်လအတွင်း ကစားခဲ့သည့် ဝုဗ်အသင်းနှင့်စပါးအသင်းတို့ ပွဲစဉ်တွင်ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း နော်တင်ဟမ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ကက်စ်မဲရိုး၏ သွင်းဂိုးကို ဖန်တီးပေးနိုင်ခဲ့သကဲ့သို့ ပင်နယ်တီမှတစ်ဆင့် အသင်းအတွက်အရေးပါသည့် အနိုင်ဂိုးကိုလည်း သွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲ မဲခွဲမှုအပြီး အေဗီလာအသင်း အုပ်စု(E)တွင် ကျရောက်

**လန်ဒန် စက်တင်ဘာ ၂**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် ပရီးမီးယားလိဂ်ကလပ် အေဗီလာအသင်းအနေဖြင့် အုပ်စု(E)တွင် ကျရောက်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




ဥရောပအဆင့် ပြိုင်ပွဲများနှင့် ကာလရှည် ဝေးကွာနေရသည့် အေဗီလာအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နည်းပြ အမ်မရီ၏ ဦးဆောင်မှုနှင့်အတူ အဆင့်(၇) နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် ပြီးခဲ့သည့် ၁၉၈၁-၁၉၈၂ ဘောလုံးရာသီက လက်ရှိချန်ပီယံလိဂ်ပြိုင်ပွဲအမည် မတိုင်မီက ဥရောပဖလားပြိုင်ပွဲအမည်ဖြင့်ကျင်းပခဲ့စဉ်က ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ၁၉၈၂-၁၉၈၃ ဘောလုံးရာသီတွင်လည်း ဥရောပစူပါဖလားဆွတ်ခူးနိုင်ခဲ့သည့် အေဗီလာအသင်းသည် အဆိုပါ ဘောလုံးရာသီ နောက်ပိုင်းတွင် ဥရောပအဆင့်ပြိုင်ပွဲကစားခွင့်မရရှိခဲ့တော့ဘဲ ယခု နည်းပြအမ်မရီ လက်ထက်မှသာ ဥရောပအဆင့် ပြိုင်ပွဲကို ပြန်လည်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင် အုပ်စု(E)၌ အယ်ခမာအသင်း၊ လီဂီယာဝါ ဆောအသင်းနှင့် ဇာရီဂျက်စကီး အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ချန်ပီယံဆုများကို ပထမအကြိမ်က ရိုးမားအသင်းနှင့် ဒုတိယအကြိမ်က ဝက်စ်ဟမ်းအသင်းတို့က ဆွတ်ခူးခဲ့ကြောင်း သိရသည်။ STA

# Portland Classic ပြိုင်ပွဲ အမှတ်ပေးဇယားကို ဒယ်လာကော ဦးဆောင်

**ပေါ့လန်း စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ် ပေါ့လန်းမြို့တွင်ကျင်းပနေသည့် Portland Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ပြင်သစ်ဂေါက်သီးရိုက်မယ် ဒယ်လာကောက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း YB သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆွီဒင် ဂေါက်သီးရိုက်မယ် လင်းဂရန့်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်မယ် မီဂန်ခန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဒယ်လာကောသည် ယခုနှစ် ဂေါက်သီးရိုက် ရာသီအတွင်း အောင်မြင်မှုရရှိရန် ရုန်းကန်နေရသလို ပါဝင်ယှဉ်ပြိုင်ခဲ့သောပြိုင်ပွဲများတွင်လည်း အမှတ်ပေးဇယား၏ အဆင့်(၁၀)အတွင်း ရပ်တည်နိုင်ခဲ့သည့် ပြိုင်ပွဲတစ်ရပ်သာရှိခဲ့သည်။

ဒုတိယနေ့ထိအကောင်းဆုံးပုံစံရရှိနေသည့် ဒယ်လာကောသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ပထမဦးဆုံးသော LPGA ဆုဖလားကိုဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသောကြောင့် ပုံစံကောင်းကို နောက်ဆုံးနေ့ထိဆက်လက်ထိန်းသိမ်းနိုင်မည်ကိုမျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဒယ်လာကောက "ကျွန်မအနေနဲ့ အောင်မြင်မှုဆွတ်ခူးနိုင်ဖို့ အရေးကိစ္စကိုစဉ်းစားနေမှာမဟုတ်ပါဘူး။ မစဉ်းစားရတဲ့အကြောင်းအရင်းကလဲ ကျွန်မဟာ အတွေးလွန်သွားတတ်တဲ့ လူမျိုးဖြစ်တာကြောင့် အောင်မြင်မှုအကြောင်းတွေးတာထက် ပြိုင်ပွဲအကြောင်းကိုသာ အာရုံစိုက်တာပိုကောင်းလိမ့်မယ်။ တစ်ရက်ချင်းတစ်ကျင်းချင်းစီမှာ အကောင်းဆုံးကစားနိုင်အောင်ပဲ အာရုံစိုက်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# WBO၊ WBC ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်ကို ဒိုင်နာသောစလန် ဆွတ်ခူး




**ဟိုလ်စတီဘရို စက်တင်ဘာ ၂**

WBO၊ WBC အမျိုးသမီး ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအဖြစ် မက္ကဆီကိုလက်ဝှေ့မယ် ယူလီယာလူနာနှင့် ဒိန်းမတ်လက်ဝှေ့မယ်ဒိုင်နာသောစလန်တို့ ဒိန်းမတ်နိုင်ငံ ဟိုလ်စတီဘရိုမြို့တွင် စက်တင်ဘာ ၁ ရက်က ထိုးသတ်ခဲ့ရာ ဒိုင်နာသောစလန်က ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံခါးပတ်များကိုဆွတ်ခူးခဲ့ကြောင်း Bad Left Hook သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ်(၁)ဒိုင်က ၉၇-၉၃ မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၂) ဒိုင်က ၉၈-၉၂ မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃) ဒိုင်က ၉၉-၉၁ မှတ်ဖြင့်လည်းကောင်း ဒိုင်နာသောစလန်ကို အနိုင်ပေးခဲ့သည်။

ဒိုင်နာသောစလန် အနေဖြင့် ဒိုင်အမှတ်ဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း အနိုင်ရလဒ်ဖြင့် ထိုက်တန်သော စွမ်းဆောင်ရည်မျိုးပြသခဲ့ပြီး အမျိုးသမီးဘင်တန်ဝိတ်တန်းလောက၏ အဓိက ကမ္ဘာ့ချန်ပီယံခါးပတ် လေးခုအနက် နှစ်ခုကို ရယူခဲ့သည်။

ဒိုင်နာသောစလန်က "ယူလီယာလူနာကိုတော့ ချီးကျူးရမယ်။ သူ့အနေနဲ့ အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့တယ်။ ကျွန်မအနေနဲ့လဲ အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့သလိုပြတ်သားတဲ့ ရလဒ်မျိုးနဲ့အနိုင်ရဖို့အတွက် တစ်လျှောက်လုံးဖိအားပေးထိုးသတ်ခဲ့ပေမဲ့လဲ ယူလီယာလူနာရဲ့ စွမ်းဆောင်ရည် ကောင်းမွန်မှုကြောင့် ဒိုင်အမှတ်နဲ့ပဲ အနိုင်ရခဲ့တာပါ။ အခုလို ပွဲကောင်းတစ်ပွဲဖြစ်လာဖို့အတွက် အကောင်းဆုံးပုံစံတွေပြသပေးခဲ့တဲ့ ယူလီယာလူနာကို ကျေးဇူးတင်ပါတယ်။ လက်ဝှေ့သမားတိုင်းလိုချင်တဲ့ ပုံစံလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

**နယူးယောက် စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမားများ ဖြစ်ကြသည့် ဂျိုကိုဗစ်နှင့် လက်စလိုဒီရီတို့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး လက်စလိုဒီရီက ပွဲငယ်နှစ်ပွဲဆက်တိုက်တွင် ဦးဆောင်နိုင်ခဲ့သော်လည်း ဂျိုကိုဗစ်က နောက်မှလိုက်ကစားကာ (၄-၆၊ ၄-၆၊ ၆-၁၊ ၆-၁၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis-shead သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် လက်စလိုဒီရီကို ရှုံးနိမ့်ခဲ့ရပြီးနောက် တတိယပွဲငယ်တွင် ဖိအားအောက်မှ ရုန်းထွက်ကာ အကောင်းဆုံး ပြန်လည်ကစားနိုင်ခဲ့ပြီး သုံးပွဲဆက်တိုက်ပြန်လည်အနိုင်ရရှိခဲ့ပြီးမှ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် ယခုနှစ် US Open တင်းနစ်ပြိုင်ပွဲကို တတိယအဆင့်မှပင် နှုတ်ဆက်ရန်နီးစပ်ခဲ့ပြီး အကောင်းဆုံးတစ်ကျော့ပြန်ကစားနိုင်ခဲ့ခြင်းကြောင့် ဂျိုကိုဗစ်သည် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ပိုမိုရေပန်းစားလာခဲ့သည်။

ဂျိုကိုဗစ်က "ပရိသတ်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ပွဲစဉ်ကို တော်တော်လေးကို သဘောကျမယ်လို့ထင်ပါတယ်။ တကယ့်ကို အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တစ်ပွဲပါ။ ကျွန်တော့်အနေနဲ့လဲ ကစားသမားဘဝရဲ့အမှတ်တရအဖြစ် တင်ကျန်ရစ်နေမဲ့ပွဲစဉ်အဖြစ် အမြဲတမ်းအမှတ်ရနေမဲ့ပွဲစဉ်ပါ။ ပထမပွဲငယ်နှစ်ပွဲမှာ ကျွန်တော့်အနေနဲ့ စိတ်ပျက်စရာကောင်းတဲ့ အခြေအနေနဲ့ရင်ဆိုင်ခဲ့ရတယ်။ လက်စလိုကလဲ ပထမပွဲငယ်နဲ့ဒုတိယပွဲငယ်မှာကစားသွားတာ တော်တော်လေးကောင်းတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ၂၀၂၄ အာရှယူ-၂၃ ပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်း အပြီးသတ်ကစားသမားစာရင်း ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၂၄ အာရှယူ- ၂၃ ပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်း၏ အပြီးသတ်ကစားသမားစာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းကို နည်းပြအဖြစ် ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ပြီး အာရှယူ-၂၃ ပြိုင်ပွဲ ခြေစစ်ပွဲတွင် တောင်ကိုရီးယား ယူ-၂၃ အသင်း၊ ကာဂျစ်စတန်ယူ-၂၃ အသင်း၊ ကာတာ ယူ-၂၃ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်း၏ အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ပြည့်ဖြိုးသူ၊ ဟိန်းထက်စိုး၊ နေလင်းထက်၊ ခံစစ်ကစားသမားနေရာတွင် မင်းခန့်၊ ကောင်းထက်ပိုင်၊ မိုးဆွေအောင်၊ ရှင်းသန့်အောင်၊ ထူးမြတ်ခန့်၊ လန်းဆန်းအောင်၊ လတ်ဝေဘုန်း၊ သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ နောင်နောင်စိုး၊ ကွင်းလယ်ကစားသမားနေရာတွင် အောင်မျိုးခန့်၊ အာကာကျော်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ စိုးမင်းဦး၊ ခွန်ကျော်ဇင်ဟိန်း၊ တိုက်စစ်ကစားသမားနေရာတွင် ချစ်အေး၊ ဟိန်းထက်အောင်နှင့် စွမ်းထက်တို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၆ ရက်တွင် ကာဂျစ်စတန် ယူ-၂၃ အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ကာတာယူ-၂၃ အသင်းနှင့် လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယား ယူ-၂၃ အသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းပါဝင်သည့် အုပ်စုတွင် ကာတာယူ-၂၃ အသင်းသည် ၂၀၂၄ အာရှယူ-၂၃ ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိထားသည့်အတွက် အုပ်စုပွဲစဉ်ရလဒ်များကို ရမှတ်သတ်မှတ်ပေးမည်မဟုတ်ဘဲ ကျန်ပွဲစဉ်များမှ ရလဒ်များကိုသာ ထည့်သွင်းတွက်ချက်မည်ဖြစ်ကြောင်း သိရသည်။ STA

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃) ရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၂ | - | ၂ | ဘိုချန် |
| လေဗာကူဆင် | ၅ | - | ၁ | ဒမ်စတက် |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဝုဖ်ဘတ် |
| စတုဂတ် | ၅ | - | ၀ | ဖရိုင်းဘတ် |
| ဝါဒါဘရီမင် | ၄ | - | ၀ | မိန့်ဇ် |

### ပြင်သစ်လီဂူး ပွဲစဉ် (၄) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘရက် | ၀ | - | ၀ | ရင်းနက် |

(၀၄၀)

# မင်းဆွေ၏ ဓား

## ပုသိမ်အောင်သန်းဦး

ယိမ်းနွဲ့ပါးသည် သမိုင်းအစဉ်အလာရှိသော ဓားဖြစ်သည်။ ထို့အတူ မျိုးမြင့်ရန်နောင်သည်လည်း သမိုင်းအစဉ်အလာရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် မင်းကြီးရန်နောင်သည် ယိမ်းနွဲ့ပါးဓားဖြင့် မင်းဆိုးမင်းညစ်သိုဟန်ဘွားကို သုတ်သင်ခဲ့သည်။

ထိုအချိန်အခါမှစပြီး မင်းကြီးရန်နောင်၏ မျိုးရိုးစဉ်ဆက်တို့သည် နိုင်ငံနှင့်ပြည်သူရန်မှန်သမျှကို ယိမ်းနွဲ့ပါးဓားဖြင့် သုတ်သင်ခဲ့သည်။ မင်းကြီးရန်နောင်၏ ခုနစ်ဆက်မြောက်မျိုးဆက်မှာ ဦးဖြိုးတင့်ဖြစ်သည်။ ဦးဖြိုးတင့်သည် ဆရာစံ၏တောင်သူလယ်သမားအရေးတော်ပုံတွင် ဆရာစံဘက်ကပါဝင်ခဲ့သော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူ၏သားမှာ မျိုးမြင့်ရန်နောင်ဖြစ်သည်။

ဦးဖြိုးတင့်သည် သားဖြစ်သူအား ငယ်စဉ်ကပင် တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်တို့ကို မွေးမြူနိုင်ရန် သွန်သင်ဆုံးမခဲ့သည်။ ဦးဖြိုးတင့်သည် သူ့မိတ်ဆွေ ဦးဖိုးထယ်အား သူ့သားဖြစ်သူ မျိုးမြင့်ရန်နောင်နှင့် ဦးဖိုးထယ်၏သမီး မြင့်မြင့်ကို တစ်ချိန်တွင် လက်ထပ်ပေးစားရန် ကတိခံဝန်ချက် တောင်းခဲ့သည်။

ဦးဖိုးထယ်ကလည်း သူ့မိတ်ဆွေ ဦးဖြိုးတင့်၏ အမှာစကားကို လက်ခံခဲ့သည်။ သို့သော် တစ်နေ့တွင် မြင့်မြင့်က အခန့်မသင့်ဖြစ်ကာ မျိုးမြင့်ရန်နောင်ကို ပါးရိုက်ခဲ့ဖူးလေသည်။

ဦးဖြိုးတင့်သည် ဆရာစံအရေးအခင်းတွင် ကျဆုံးခဲ့ပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးလည်း ဖြစ်ပွားလေရာ မျိုးမြင့်ရန်နောင်သည် ချာချီလမ်း ယခု ကိုယ့်မင်းကိုယ်ချင်းလမ်းရှိ ဦးဖိုးထယ်၏အိမ်သို့ ရောက်လာခဲ့သည်။ ရောက်မဆိုက်ပင် မြင့်မြင့်ကိုမြင်လေရာ ငယ်စဉ်က သူ့ပါးကိုရိုက်ခဲ့သည်ကို အမှတ်ရပြီး မြင့်မြင့်၏ပါးကို ကလဲ့စားချေသည့်သဘောဖြင့် ပြန်လည်ရိုက်လေသည်။ ဤအဖြစ်အပျက်ကို မြဒင်မြင်လေသည်။ မြဒင်သည် အင်္ဂလိပ်စုံထောက်ဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦးဖြစ်ပြီး မြင့်မြင့်၏အရင်းနှီးဆုံး မိတ်ဆွေဖြစ်ရုံမက မြင့်မြင့်ကို ပိုးပန်းနေသူတစ်ဦးလည်း ဖြစ်လေသည်။

မြင့်မြင့်မှာ လူစိမ်း၏ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ အစော်ကားခံရသဖြင့် ဒေါသမီးများတောက်လောင်လျက်ရှိသကဲ့သို့ မြဒင်မှာလည်း မခံမရပ်နိုင်ဖြစ်နေလေသည်။ သို့ရာတွင် မျိုးမြင့်ရန်နောင်မှာ ဘယ်သူ့ကိုမျှဂရုမစိုက်သည့်ပမာ ဦးဖိုးထယ်ထံ သွားလေသည်။

ဦးဖိုးထယ်မှာလည်း သူ့သမီးအစော်ကားခံလိုက်ရခြင်းကြောင့် စောစောပိုင်းတွင် ဒေါသဖြစ်ခဲ့သော်လည်း မျိုးမြင့်ရန်နောင်က အကြောင်းစုံရှင်းပြမှ သဘောပေါက်ကာ မျိုးမြင့်ရန်နောင်အတွက် အိမ်တွင် သီးသန့်အခန်း တစ်ခန်းပေးပြီး နေစေလေသည်။

မြင့်မြင့်နှင့်မြဒင်တို့မှာ အနေထူး၊ အပြောထူးသော လူစိမ်း၏အကြောင်းကို စုံစမ်းသော်လည်း ဖခင် ဦးဖိုးထယ်က မျိုးမြင့်ရန်နောင်အကြောင်းကို မစုံစမ်းရန်ပြောသဖြင့် အံ့အားသင့်ကာ ဘာမျှမသိကြပေ။

❖ ဓားဝတ္ထုသည် မျိုးချစ်စိတ်ကိုလှုံ့ဆော်သည့် ဝတ္ထုတစ်ပုဒ်အဖြစ် တွေ့မြင်ရသော်လည်း ရှေ့ပိုင်းတွင် မျိုးမြင့်ရန်နောင်၊ မြဒင်၊ မြင့်မြင့် တို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကလွှမ်းမိုးနေပြီး အင်္ဂလိပ်တို့ကို ဆန့်ကျင်တော်လှန်သောအခန်းက မှေးမှိန်နေသည်ဟု ဝေဖန်ရေးဆရာအချို့က မှတ်ချက်ချကြသည်။ သစ္စာဖောက်မြဒင်ကို ဓားချင်းယှဉ်ပြိုင်အနိုင်ရပြီးမှ မျိုးမြင့်ရန်နောင်၏ သဘောထားကြီးပြမှုသည်လည်း ဇာတ်နှင့်မလိုက်ဖက်ဟု ဆိုကြသည်။ ဖခင်ကြီးကွယ်လွန်ပြီးနောက် မြင့်မြင့်သည် မြဒင်၏ရင်ခွင်ဆီသို့ အဆောတလျင်ရောက်ရှိသွားခြင်းသည်လည်း မြန်ဆန်လွန်းလှသည်ဟု ဆိုကြသည်။ ❖

တစ်နေ့ မြင့်မြင့်သည် မျိုးမြင့်ရန်နောင်၏အခန်းသို့ဝင်ကာ ထူးခြားသောပစ္စည်းများနှင့် အသုံးအဆောင်များကို စိတ်ဝင်စားမိသည်။ ထို့အတူ မြဒင်သည်လည်း အင်္ဂလိပ်လက်အောက်မှ စုံထောက်တစ်ဦးဖြစ်လေရာ မျိုးမြင့်ရန်နောင်ကို ပိုပြီးစိတ်ဝင်စားကာ စုံစမ်းလေသည်။ မြဒင် မြင့်မြင့်ကို ပိုးပန်းနေမှန်း မျိုးမြင့်ရန်နောင်သိလေရာ မြဒင်ကို မြင့်မြင့်ကဲ့သို့ သန့်စွမ်းကြံ့ခိုင်သောမိန်းကလေးမှာ မြဒင်နှင့်မလိုက်ဖက်ကြောင်း၊ သူကဲ့သို့ သန်သန်စွမ်းစွမ်းပုဂ္ဂိုလ်နှင့်သာ လိုက်ဖက်ကြောင်း ဖွင့်ပြောလေသည်။

မြဒင်မှာ မျိုးမြင့်ရန်နောင်၏စကားကြောင့် မခံမရပ်နိုင်ဖြစ်သည်က တစ်ဖက်၊ သက်ာမကင်းဖြစ်သည်ကတစ်မျိုးဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေလေသည်။

ထိုသို့ မျိုးမြင့်ရန်နောင်၏ အနေအထားကို စောင့်ကြည့်နေရာမှ မျိုးမြင့်ရန်နောင်က ဗြိတိသျှအစိုးရအတွက် စစ်ရန်ပုံငွေလျှုဒါန်းလေရာ မြဒင်မှာ ဝေခွဲရခက်နေပြန်သည်။ ဂျပန်လေယာဉ်ပျံများက ရန်ကုန်မြို့ကို ဗုံးကြဲချိန်၊ ဂျပန်တပ်များ ရန်ကုန်မြို့ကို သိမ်းပိုက်ချိန်တို့တွင် မျိုးမြင့်ရန်နောင်သည် သူ့အခန်းတွင်ဖြန့်ခင်းထားသည့် အိန္ဒိယမြေပုံနှင့် မြန်မာ့မြေပုံနှစ်ခုပေါ်တွင် ဂျော်နီဝါကားအရက်ကြော်ငြာမှ အင်္ဂလိပ်အရုပ်နှစ်ခုကို တင်ထားရာ မြန်မာ့မြေပုံပေါ်မှ အင်္ဂလိပ်အရုပ်ကို ဓားဖြင့်ခုတ်ပိုင်းလိုက်လေသည်။ အင်္ဂလိပ်ကိုအပြတ်တော်လှန်ပြီဟူသော သင်္ကေတပင်။

မြဒင်သည် မျိုးမြင့်ရန်နောင်အခန်းသို့ မြင့်မြင့်နှင့်အတူဝင်ကာ မျိုးမြင့်ရန်နောင်၏ဓားကို ဓားအိမ်မှ ချွတ်ကြည့်ကြသည်။ ထိုအခိုက် မျိုးမြင့်ရန်နောင် ရောက်လာပြီး သူ့ဓားအကြောင်းရှင်းပြကာ သူ့ဓားမှာ ချွတ်မိလျှင် သွေးသောက်ရမှဖြစ်မည်ဟုဆိုကာ မြင့်မြင့်၏ အချစ်ဆုံးကြောင်လေး ရွှေဝါကို ဓားဖြင့် ပိုင်းသတ်လိုက်လေသည်။

တစ်နေ့တွင် မြဒင်သည် အရက်များယူလာကာ မိတ်ဖြစ်ဆွေဖြစ် အရက်သောက်ကြရန် တိုင်ပင်ပြီး သောက်စားကြသည်။ မျိုးမြင့်ရန်နောင် မူးလာသောအခါ ရန်သူမိတ်ဆွေ ကွဲပြားအောင်မေးသည်။ မျိုးမြင့်ရန်နောင်မှာ အင်္ဂလိပ်ဆန့်ကျင်သူမှန်းသိသောအခါ ဖြားယောင်းပြီး ပုလိပ်ထံခေါ်သွားကာ ဖမ်းဆီးချုပ်နှောင်စေသည်။ ဤအကြောင်းကို မြင့်မြင့်ကိုသာ ပြောပြပြီး ဦးဖိုးထယ်ကို အသိမပေးချေ။

ဂျပန်တပ်များနှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်သားများ အင်အားအလုံးအရင်းဖြင့် အင်္ဂလိပ်တို့ကို တိုက်ခိုက်သောအခါ အင်္ဂလိပ်တို့သည် မြန်မာ့မြေပေါ်မှ အိန္ဒိယနိုင်ငံသို့ အောင်မြင်စွာဆုတ်ခွာထွက်ပြေးကြလေသည်။ မြဒင်လည်း အင်္ဂလိပ်တို့နှင့်အတူလိုက်ပါသွားရာမှ ပြန်လည်ထွက်ပြေးလာသည်။

အင်္ဂလိပ်တို့ဆုတ်ခွာသွားကြပြီဟု သိရသောအခါ ထောင်အသီးသီးမှ အကျဉ်းသားများသည် ထောင်ကို ဖောက်ကာ ထွက်ပြေးလာကြသည်။ မျိုးမြင့်ရန်နောင်လည်း ထောင်ထဲမှထွက်ပြေးလာခဲ့သည်။

ထိုအခါ မျိုးမြင့်ရန်နောင်နှင့်မြဒင်တို့ ဆုံတွေ့ကြလေသည်။ မျိုးမြင့်ရန်နောင်မှာ သစ္စာဖောက်မြဒင်ကိုသတ်ရန် ပြင်သည်။ သို့သော် မတရားအနိုင်မယူလိုသဖြင့် ဓားချင်းယှဉ်ခုတ်ကြရာ မြဒင်အရေးနိမ့်လေသည်။ ဤတွင် မျိုးမြင့်ရန်နောင်မှာ ဓားအိမ်မှဓားကို ချွတ်ပြီးဖြစ်၍ ဓားသွေးသောက်မှဖြစ်မည်ကိုသိကာ မြဒင်ကိုမခုတ်သတ်ဘဲ လမ်းမပေါ်မှရန်သူအချို့ကို ခုတ်သတ်ကာ အိမ်ထဲဝင်ခဲ့သည်။ မြဒင်မှာ အရေးမလှသဖြင့် ရှောင်ထွက်သွားလေသည်။

ထိုအချိန်တွင် ဦးဖိုးထယ်မှာ ရောဂါဝေဒနာခံစားနေရသဖြင့် သူမသေမီသမီးဖြစ်သူအား မျိုးမြင့်ရန်နောင်နှင့်လက်ထပ်ပေးလိုက်လေသည်။ မျိုးမြင့်ရန်နောင်သည် မြင့်မြင့်နှင့်လက်ထပ်ပြီး မကြာမီစစ်ထွက်ရလေသည်။ မြင့်မြင့်မှာ ဖခင်လူမမာနှင့် ကျန်ရစ်ခဲ့သည်။ မကြာမီ ဖခင်အနိစ္စရောက်သည်။ မြင့်မြင့်မှာ အားကိုးရာမရှိသဖြင့် မြဒင်ရှိရာသို့သွားသည်။ သို့ဖြင့် မြဒင်၏မယားဖြစ်ရပြန်သည်။

အင်္ဂလိပ်တို့ကိုတိုက်ထုတ်ပြီးသည်ထိ မျိုးမြင့်ရန်နောင် ပြန်ရောက်မလာပေ။ မျိုးမြင့်ရန်နောင်မှာ မန္တလေးဆေးရုံကြီးသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ခြေတစ်ဖက်ဖြတ်လိုက်ရပြီး မျက်စိတစ်ဖက်လည်း စစ်ကြောင့်ဆုံးရှုံးခဲ့ရလေသည်။ ဆေးရုံမှဆင်းသောအခါ ရန်ကုန်မြို့ရှိ မယားဖြစ်သူ မြင့်မြင့်ထံ ပြန်လာခဲ့သည်။

ထိုအချိန်တွင် မြင့်မြင့်သည် မျိုးမြင့်ရန်နောင်နှင့်ရသည့်သားကို မွေးပြီးဖြစ်သည်။ မျိုးမြင့်ရန်နောင် ဒုက္ခိတဘဝဖြင့် ပြန်လာချိန်တွင် မြင့်မြင့်သည် မြဒင်နှင့်ပေါင်းဖက်နေပြီးဖြစ်သည်။

မျိုးမြင့်ရန်နောင်သည် သူ့သားကိုတွေ့ရသောအခါ ဝမ်းသာမိသည်။ သို့သော် သူ့အဖြစ်ကိုတွေးကာ စိတ်မကောင်းဖြစ်ပြီး သူ့သားနှင့်မယားကိုထားခဲ့ကာ ထွက်ခွာသွားလေသည်။

ဓားဝတ္ထုသည် မျိုးချစ်စိတ်ကိုလှုံ့ဆော်သည့် ဝတ္ထုတစ်ပုဒ်အဖြစ် တွေ့မြင်ရသော်လည်း ရှေ့ပိုင်းတွင် မျိုးမြင့်ရန်နောင်၊ မြဒင်၊ မြင့်မြင့်တို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းက လွှမ်းမိုးနေပြီး အင်္ဂလိပ်တို့ကို ဆန့်ကျင်တော်လှန်သောအခန်းက မှေးမှိန်နေသည်ဟု ဝေဖန်ရေးဆရာအချို့က မှတ်ချက်ချကြသည်။ သစ္စာဖောက်မြဒင်ကို ဓားချင်းယှဉ်ပြိုင်အနိုင်ရပြီးမှ မျိုးမြင့်ရန်နောင်၏ သဘောထားကြီးပြမှုသည်လည်း ဇာတ်နှင့်မလိုက်ဖက်ဟု ဆိုကြသည်။

ဖခင်ကြီးကွယ်လွန်ပြီးနောက် မြင့်မြင့်သည် မြဒင်၏ရင်ခွင်ဆီသို့ အဆောတလျင်ရောက်ရှိသွားခြင်းသည်လည်း မြန်ဆန်လွန်းလှသည်ဟု ဆိုကြသည်။ ဓားဝတ္ထုသည် ထိုခေတ်ထိုအခါက အင်္ဂလိပ်ကိုတော်လှန်ချိန်ကို နောက်ခံထားရေးသားခဲ့ခြင်းကြောင့် အောင်မြင်ခဲ့သည့် ဝတ္ထုရှည်ဖြစ်သည်။

ဆရာမင်းဆွေသည် ဓား၊ လင်၊ သွေးဆိုး စသည့် တက်ကြွသောပညာပေးဝတ္ထုများကို ရေးသားသကဲ့သို့ နုယဉ်နွဲ့နှောင်းသော အချစ်ဝတ္ထုများကိုလည်းရေးသားခဲ့သည်။ ဆရာမင်းဆွေကား ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ထင်ရှားသော စာရေးဆရာတစ်ဦးဖြစ်သည်။

မင်းဆွေ၏ဓားဝတ္ထုကို ဂျပန်ခေတ် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ပထမဆုံးချီးမြှင့်သည့် စာပေဆုငွေကျပ်တစ်ထောင်ချီးမြှင့်ခြင်းခံခဲ့ရသည်။ ဆရာမင်းဆွေသည် စိတ်ထိခိုက်လွယ်သော ဝေဒနာကိုခံစားခဲ့ရပြီး မထင်မရှား စာပေလောကမှ ပျောက်ကွယ်သွားလေသည်။

**ကိုးကား**

– **မလိစ၏ မြန်မာဝတ္ထုအညွှန်း**

# ညောင်ရွှေမြို့နယ် လွယ်ကန့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လွယ်ကန့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက လွယ်ကန့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ရွှေမြို့နယ် လွယ်ကန့်ကျေးရွာ၌ အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသားအမြင့် နှစ်ပေ၊ သဲဖြန်းအမြင့် ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၃၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် မိုးထွန်းစက်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ရာနှုန်းပြည့်ပြီးစီးပါက လွယ်ကန့်ကျေးရွာရှိ ပြည်သူများ၏ လယ်ယာမြေကေများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ အချိန်မီကုန်ကျစရိတ်သက်သာစွာ



သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**

# မထိရ မကိုင်ရ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးမည်



**ရန်ကုန် စက်တင်ဘာ ၂**

ပါဝါကင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မထိရ မကိုင်ရ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ စက်တင်ဘာ ၃ ရက်တွင်စတင်ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ထက်ကြီးက ပြောပြ၍ သိရသည်။

မထိရ မကိုင်ရ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စာရေးဆရာ လှံမက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ထက်ကြီးက ပုံဖော်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

“သုံးယောက်စလုံး တအားချစ်ကြလို့ ရူးသွပ်တဲ့ ကာရိုက်တာမျိုးလေးနဲ့ ရိုက်ကူးမှာပါ။ ပါဝင်ကြတဲ့ သရုပ်ဆောင်တွေက တစ်ယောက်နဲ့တစ်ယောက်က အချစ်တွေ မတူကြဘူးပေါ့။ တအားကြီးချစ်သွားရင် အတ္တတွေကြောင့် ဒုက္ခရောက်နိုင်တယ်ဆိုတာ ပြသွားမှာပါ။ ဒီဇာတ်လေးကို ကြိုက်လို့ ရိုက်ဖို့စီစဉ်ထားတာ တော်တော်ကြာပါပြီ။ ဇာတ်လမ်းလေး လက်ထဲရောက်နေတာလဲ ကြာပါပြီ။ အခုမှ အကောင်အထည်ဖော်ဖြစ်မှာပါ။ အကောင်းဆုံးလဲ ကြိုးစားဖန်တီးသွားပါမယ်”ဟု ဒါရိုက်တာ ထက်ကြီးက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး သရုပ်ဆောင် ရွှေထူး၊ အောင်ခိုင်၊ နေဆန်း၊ တိုင်ရွှန်း၊ ပါဝါအောင်၊ နော်ဖေအယ်ထား၊ ခင်အုံးမြင့်၊ ရတနာခိုင်၊ အိမ့်ခြူး၊ မေကျော်ဝင်းမောင်၊ စိုးကြီး၊ ဇော်ဟိန်း၊ ယမင်းကျော်၊ ထွန်းထွန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Jurassic World: Fallen Kingdom

## ဇာတ်ကားက ပရိသတ်အားပေးမှုမြင့်မားနေ

**နယူးယောက် စက်တင်ဘာ ၂**


Jurassic Park ဇာတ်ကားများအနက် အညံ့ဆုံးဇာတ်ကားအဖြစ် သတ်မှတ်ခံခဲ့ရသည့် Jurassic World: Fallen Kingdom ဇာတ်ကားသည် Netflix ၏ အွန်လိုင်းရုပ်သံ၌ ပရိသတ်အားပေးမှုမြင့်မားနေကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Jurassic World: Fallen Kingdom ဇာတ်ကားသည် Netflix အွန်လိုင်းရုပ်သံတွင် ကြည့်ရှုမှုအကြိမ်ရေ ၄ ဒသမ ၇ သန်းထိရရှိထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Jurassic Park ဇာတ်ကားများအနက် အညံ့ဆုံးဇာတ်ကားတစ်ကားအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း ရုံတင်ပြသချိန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံထိရရှိခဲ့သည်။

Fallen Kingdom သည် Jurassic World (2015) ၏နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး ၂၀၁၈ ခုနှစ်က ရုံတင်ပြသခဲ့သောဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျူအန်အန်တိုနီယိုဘာယိုနာက ရိုက်ကူးပေးခဲ့ပြီး မင်းသား ခရစ်ပရက်၊ မင်းသမီး ဘရက်ဒဲလက်ဟိုးဝပ်တို့ ဦးဆောင်ပါဝင်ထားပြီး လက်ရှိတွင် Jurassic World: Fallen Kingdon ဇာတ်ကားသည် Netflix ၏ကြည့်ရှုမှု အများဆုံးဇာတ်ကား ၁၀ ကား စာရင်းတွင် နံပါတ် (၆) နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။ KKO





# တေးသံရှင် ကျော်သူဝင်း သီဆိုသရုပ်ဆောင်ထားသော မောင့်ရဲ့မသူဇာ တေးသီချင်း MV ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂**

တေးသံရှင် ကျော်သူဝင်း သီဆိုသရုပ်ဆောင်ထားသော မောင့်ရဲ့မသူဇာ တေးသီချင်း Music Video (MV) ယနေ့တွင် ထွက်ရှိလာပြီဖြစ်ကြောင်း တေးသံရှင် ကျော်သူဝင်းက ပြောပြ၍ သိရသည်။

မောင့်ရဲ့မသူဇာ တေးသီချင်းကို တေးရေး ဦးချိုတီ ရေးသားထားပြီး Mixing & Mastering ပိုင်းကို ကြည်တိုး၊ Harmony ကို သော်ဒီနှင့် Studio KT တွင် အသံသွင်းထားကြောင်း၊ အဆိုပါသီချင်းတွင် သရုပ်ဆောင် လီလီကျော်ခိုင် ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ သန်းထိုက်စိုးက တေးသီချင်း MV အဖြစ် ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

“ကျွန်တော် အခုလို MTV မရိုက်ဘဲ lyrics Video အနေနဲ့ တင်လို့လဲရပေမဲ့ ပရိသတ်တွေက




နားနဲ့လဲ ခံစားလို့ရမယ်။ Performance ကြည့်ရင်း အားလုံးရဲ့ နှလုံးသားထဲကို ပိုရောက်စေချင်လို့ ရိုက်ကူးရေးလေးလုပ်ပြီး တင်ပေးတာဖြစ်ပါတယ်။ မောင့်ရဲ့မသူဇာ ဇာတ်လမ်းလေးက ၁၉၆၀ ပြည့်နှစ်လောက်က ဇာတ်လမ်းလေးတစ်ပုဒ်ပါ”ဟု တေးသံရှင် ကျော်သူဝင်းက ပြောပြသည်။

တေးသံရှင် ကျော်သူဝင်း၏ မောင့်ရဲ့မသူဇာ Music Video စာနယ်ဇင်းမိတ်ဆက်ပွဲကို စက်တင်ဘာ ၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ Orchid Hotel တွင်ကျင်းပခဲ့ပြီး မောင့်ရဲ့မသူဇာ Music Video ကို ယနေ့တွင် Kyaw Thu Win Facebook, Li Li Kyaw Khaing Facebook Page အပြင် Music Platform များတွင် ဖြန့်ချိကြောင်း သိရသည်။ ASH

# Taylor Swift: Eras Tour ရုပ်ရှင်ကား ကြိုတင် လက်မှတ်ရောင်းရငွေ ကန်ဒေါ်လာ ၁၀ သန်းကျော်ရှိ

**နယူးယောက် စက်တင်ဘာ ၂**

ကမ္ဘာကျော် အမေရိကန်အမျိုးသမီး အဆိုတော် တေလာဆွစ်၏ Taylor Swift: Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ကား၏ ကြိုတင်လက်မှတ်ရောင်းရငွေသည် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ရှိကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

Taylor Swift: Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ကားကို ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် AMC ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း တေလာဆွစ်က ကြေညာထားသည်။

Taylor Swift: Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ကားကို လော့စ်အိန်ဂျလိစ်မြို့တော် ဆိုဖီယားကစားကွင်း၌ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အဆိုပါဂီတဖျော်ဖြေပွဲရုပ်ရှင်ကားအတွက် ကြိုတင်လက်မှတ်ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ထိရှိရာ မာဗယ်စူပါဟီးရိုးဇာတ်ကားများ၏ ကြိုတင်လက်မှတ် ရောင်းအားများနှင့် တန်းတူရှိသည်။

Taylor Swift: Eras Tour ဂီတဖျော်ဖြေပွဲ ရုပ်ရှင်ကား ကြိုတင်လက်မှတ်များကို ဩဂုတ် ၃၁ ရက်က စတင်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



# ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရမည်းသင်း စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထီးလှိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာခိုင်၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ထီးလှိုင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာခိုင်က လုပ်ငန်းများ သတ်မှတ်ချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထီးလှိုင်ကျေးရွာ၌ အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတား Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၄၇ ဒသမ ၉၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေထိုက်တန်ကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ထီးလှိုင်ကျေးရွာရှိ အိမ် ၃၄၂ အိမ်၊ လူ ၁၃၃၉ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၀၀ ကျော်မှထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# Maungtaw border camp secures trade surplus in August in 2023-24 FY



Cargo being loaded onto a ship.

**Nay Pyi Taw September 2**

The Ministry of Commerce on 30 August stated that Maungtaw border trade camp exceeded the target of trade value in August 2023-24 FY.

The camp handled export volume worth US$1.5 million and import valued at US$0.03 million, totalling US$1.53 million in trading with Bangladesh in August 2023-24 FY.

During the period from 1 to 27 August 2023, the camp earned US$1.804 million worth of export value. The camp targeted trade value worth US$11.90 million in August.

The camp manages export of marine products, agriculture produce, turmeric, areca nut, jaggery, finished industrial gods, traditional medicine embrocation and clothes.

In this regard, fresh ginger fetches US$200 per ton, rohu fish US$1,266, plum jam US$330, turmeric US$562, areca nut US$1,000, jaggery US$880, traditional medicine embrocation US$500 and female cloth US$1,190.

Commodities flow to Maungtaw border trade camp through Sittway-Buthidaung-Maungtaw, and Sittway-Angumaw-Maungtaw. These commodities are exported to Bangladesh. 336

# 17 Irrawaddy dolphins move to Myaysun Village of Madaya Township

**Mandalay September 2**

A total of 17 Irrawaddy dolphins moved to Myaysun Village of Madaya Township in Ayeyawady River, said U Maung Maung Lay, leader of Irrawaddy dolphin protection team of Mandalay Region Department of Fisheries.


Currently, flocks of dolphins move one place to another in Ayeyawady River. Flocks of dolphins inhabit near Indaung Village of Wetlet Township. As from 30 August, the dolphins have moved to Myaysun Village of Madaya Township.

"Local fishermen saw flocks of dolphins near Myaysun Village of Madaya Township on 30 August between Mandalay and Kyaukmyaung regions due to raising the water level of Ayeyawady River," he added.

Some 17 dolphins are seen near Myaysun Village. Hence, local travellers can watch moves of dolphins at the village.

Research was conducted for 28 dolphin in the protection area-1 between Mandalay and Kyaukmyaung, 37 between Malei of Kanbalu Township and Shwegu of Kachin State in the protection-2 and 14 more dolphins in Bhamo Township from 10 to 20 February 2020.

184



Two Irrawaddy dolphins being spotted in the river.

# Authorities add 600,000 fish larvae to conserve fish resources in Dokhtawaddy River

**Mandalay September 2**

A total of 600,000 two-inch sized fish hatchlings were added into the Dokhtawaddy River this morning in order to maintain the fish resources in Mandalay Region in the long-term, said U Tun Naung Win, deputy director of Thayetkone Fisheries Station.

"From 2 fisheries stations in the region, 600,000 two-inch sized fish hatchlings were added into the Dokhtawaddy River. Two types of fish were added. Each year, quotas are given to each fisheries station. By adding fish species, fish resources will be continuously maintained and abundant. It will provide employment opportunities and income for local people. The Department of Fisheries aims to promote the long-term propagation of high-quality fish and the long-term consumption of fish food. Every year, different types of fish hatcheries are added into rivers, streams and lakes," he explained.

The deputy chief of the Fisheries Department for the region, chair of Amarapura District Administration Council, staff officer of Amarapura District Fisheries Department, chair of Amarapura Township Administration Council, District level officials, in charge of the fishing stations and staff cooperated to carry out it.

185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Price of onions produced from various areas reaches 2,700 kyat per viss in Mandalay

**Mandalay September 2**

The price of onions produced from various areas are reached to 27,00 kyats per viss at the Thiri Mala green market in Aungmyethazan District, Mandalay, said U Aung Moe Naing, the owner of Aung wholesale center.

At present, about 3 to 4 trucks loaded with the onions produced from various areas regularly enter the green market of Mandalay City. It is known that the current prices of onions are trading from 2,000 to 2,700 kyats per viss depending on the type.

"Onions are coming in from the main growing regions. As they are produced from different areas, onions are entering the market every day. The cultivation is also good. But the transactions in the market are good. Because the transactions are good, it is also good for the farmers," he said.

The areas where these onions are cultivated in summer and rainy seasons are Myingyan, Myittha, Yesakyo, Monywa, Seikpyu, Pakokku and Taungtha. The green market is open as usual and is selling well.

185



Onions for sale at a market.

# Inlay PhaungdawU Buddha images to be conveyed to 21 sites of Inlay region


Inlay PhaungdawU Pagoda attracts lots of visitors.

**Nyaungshwe September 2**

Inlay PhaungdawU Pagoda Board of Trustees on 30 August stated that Buddha images of Inlay PhaungdawU Pagoda will be conveyed to 21 sites of the Inlay region.

Five Buddha images take positions at Inlay PhaungdawU Pagoda in Namhu Village of Nyaungshwe Township.

The Buddha images are conveyed to the sites from 1st waxing of Thadingyut to 3rd waningof Thadingyut. These Buddha images go round to 21 sites of Inlay region such as Kyaypawkhon, Nyaungshwe, Nanthe, Mongthauk, Zayatgyi, Nampan, Magyiseik and so on.

This year, the images will be conveyed to 21 sites of Inlay Region from 15 October to 1 November 2023.

336

# Myanmar exports 24 containers of brooms to Republic of Korea

**Yangon September 2**

As the Republic of Korea offers orders to Myanmar for purchase of brooms round the year, Myanmar sends 24-container loads of brooms to South Korea, according to Yangon Region General Trading Cooperative Union.

Myanmar sends some 840,000 sticks of brooms in two containers per month to Korea starting from 2022-23 financial year.

"Made in Myanmar broom is favorite in Republic of Korea. We send two containers of brooms per month to South Korea, earning more than K30 million. Now, Koreans prefer to use brooms made of natural plants rather than plastic brooms," said general secretary U Tin Myint of Yangon Region General Trading Cooperative Union.

Local producers from Shwepyitha Township produce traditional brooms to Republic of Korea. Likewise, local businesspersons from Hmawby and Taikkyi townships produce brooms through cooperative societies with more plans to extend their businesses.

At present, Myanmar sends brooms to Malaysia, India and Thailand as well as South Korea. The raw materials for brooms are available in Hmawby and Taikkyi townships, Bago Region, Nay Pyi Taw and Rakhine State.

ASH


Bundles of brooms for export.

# Myanmar exported rice and broken rice weighing more than 59,000 tons in August

**Nay Pyi Taw September 2**

The Myanmar Rice Federation on 1 September stated that a total of 42 local companies exported more than 59,000 tons of rice and broken rice to customer countries in August 2023.

The authorities will implement the online registration for storage of rice not to manipulate the market of rice as from mid-September 2023.

Currently, Shwebo Pawsan, Ayeyawady Pawsan, Ayeyamin, Ayeyapadetha, Anyathar and Pakhan rice varieties are being sold to people at domestic market but not exported to foreign countries to stabilize the rice prices in the market.

Emahta, Kayinma, Tunpu and Ngasein, parboiled rice and others are exported to foreign countries. Now, the preshipment inspection was conducted over the rice export companies possessing cargo readiness 100 per cent in issuance of export licence.

In August 2023, 42 companies sold out 33,755 tons of rice and 26,216 tons of broken rice to foreign countries.

In this regard, rice was exported to 23 countries and broken rice to 10 countries. 55,970 tons of rice and broken rice was exported in maritime trade and 4,001 tons through land borders.

In exportation, Myanmar sent 17,058 tons of rice to the Philippines, 2,475 tons to Spain and 2,200 tons to China. Moreover, 15,551 tons of broken rice was sent to China, followed by 4,810 tons to the Philippines and 1,780 tons to Vietnam.

336

# Australia launches mission to rescue Antarctic researcher

**Canberra September 2**

Australia has launched an urgent operation to rescue a researcher with a "developing medical condition" from the remote Casey outpost in Antarctica.

The icebreaker RSV Nuyina left from Tasmania last week, the Australian Antarctic Program (AAP) said.

It is travelling thousands of miles to reach the station after an air rescue was ruled out due to harsh conditions.

The AAP said the researcher, an Australian, needs specialist treatment but did not name the condition.

The programme added it had taken weeks to prepare the Nuyina for the mission, including equipping it with helicopters.

Casey research station is a journey of 2,139 miles (3,443km) from Hobart in Tasmania and one of three permanent Antarctic stations run by the AAP.

The Nuyina, which cost A$528m ($342m; £271m) to build, has a top speed of 16 knots, or around 18 miles an hour, meaning a journey of several days.

It is understood that an evacuation by air was not possible - the nearby Wilkins aerodrome near Casey has an ice runway and is often unusable during the harsh winter.

BBC

# Aditya-L1: India successfully launches its first mission to the Sun

**Delhi September 2**

India has launched its first observation mission to the Sun, just days after the country made history by becoming the first to land near the Moon's south pole.

Aditya-L1 lifted off from the launch pad at Sriharikota on Saturday at 11:50 India time (06:20 GMT).

It will travel 1.5 million km (932,000 miles) from the Earth - 1% of the Earth-Sun distance.

India's space agency says it will take four months to travel that far.

India's first space-based mission to study the solar system's biggest object is named after Surya - the Hindu god of Sun who is also known as Aditya.

And L1 stands for Lagrange point 1 - the exact place between Sun and Earth where the Indian spacecraft is heading.

According to the European Space Agency, a Lagrange point is a spot where the gravitational forces of two large objects - such as the Sun and the Earth - cancel each other out, allowing a spacecraft to "hover".

Once Aditya-L1 reaches this "parking spot", it would be able to orbit the Sun at the same rate as the Earth. This also means the satellite will require very little fuel to operate.

BBC


India's maiden Sun mission lifted off from the launch pad at Sriharikota on Saturday morning.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Lockheed ကုမ္ပဏီက ဩစတြေးလျဒုံးကျည်ကာကွယ်ရေးအစီအစဉ်အတွက် ကန်ဒေါ်လာ ၄၈၇ သန်းတန်စာချုပ် ချုပ်ဆို



အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံ၏ Air 6500 ဒုံးကျည်ကာကွယ်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၄၈၇ သန်းတန်သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Lockheed Martin ကုမ္ပဏီသည် အနာဂတ် ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး စွမ်းရည်အတွက် ပူးတွဲလေကြောင်း တိုက်ပွဲဝင်စီမံခန့်ခွဲမှုစနစ် (JABMS)ဖြင့် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ (ADF) ကို ပံ့ပိုးပေးနိုင်ရန်အတွက် အမေရိကန်ကာကွယ်ရေးကုမ္ပဏီ Northrop Grumman ကို အနိုင်ယူခဲ့ခြင်းလည်းဖြစ်သည်။

အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီ၏ ပထမဆုံး JABMS သည် ပိုမိုအဆင့်မြင့်သော လေကြောင်းနှင့် ဒုံးကျည် ခြိမ်းခြောက်မှုများမှ ပိုမိုကောင်းမွန်သောအခြေအနေဆိုင်ရာ ကြိုတင်သိမြင်ထောက်လှမ်းနိုင်မှုနှင့်ကာကွယ်ရေးစွမ်းရည်များကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။

ဩစတြေးလျ ADF ကို အမေရိကန်နှင့် အခြားသော မဟာမိတ်နိုင်ငံတပ်ဖွဲ့များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုအဆင့်ကို တိုးမြှင့်ပေးနိုင်လိမ့်မည်ဟုလည်း မျှော်မှန်းထားသည်။

ဤအရေးပါသောစွမ်းရည်သည် ADF ကို ပိုမိုကောင်းမွန်သော အမြန်နှုန်းဖြင့် တိကျမှုမြင့်မားခြင်းနှင့် ယနေ့လုပ်ဆောင်နိုင်သည်ထက် နယ်ပယ်အသီးသီးမှ သတင်းအချက်အလက်များကို ကျယ်ပြန့်စွာအသုံးချနိုင်စေမည်ဟု Lockheed Martin ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Stephanie C. Hill က ပြောကြားခဲ့သည်။

Lockheed Martin ကုမ္ပဏီသည် ဩစတြေးလျ JABMS ဇာတ်ရှင်းကို ခုနစ်နှစ်ကျော် လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ၎င်းသည် ကိုယ်ပိုင်ငွေမှ အမေရိကန်ဒေါ်လာ ၆၅ သန်းခန့် ရင်းနှီးမြှုပ်နှံထားပြီး Air 6500 အစီအစဉ်ကို ပံ့ပိုးရန်အတွက် ကုမ္ပဏီရှိဝန်ထမ်းနှင့် လုပ်သားအင်အားကို နှစ်ဆတိုး ခန့်အပ်ခဲ့ကြောင်း၊ ကုမ္ပဏီ၏ အောင်မြင်သောအဆိုပြုချက်တွင် ဩစတြေးလျကုမ္ပဏီ Silentium Defence က တည်ဆောက်ထားသော ကမ္ဘာ့ပထမဆုံးသော Passive ရေဒါစနစ်လည်း ပါဝင်သည်ဟု Stephanie က ပြောပြသည်။

MAVERICK ဟုခေါ်သော အဆိုပါရေဒါစနစ်သည် ရေဒီယိုလှိုင်းများမှ အရာဝတ္ထုများ၏ ရောင်ပြန်ဟပ်မှုများကို ခြေရာခံထောက်လှမ်းကာ ကမ္ဘာမြေအနိမ့်ပတ်လမ်းမှ ပင်လယ်မျက်နှာပြင်ထိ ခြိမ်းခြောက်မှုများကို တိကျစွာထောက်လှမ်းနိုင်စေမည်ဖြစ်သည်။

JABMS သည် ဩစတြေးလျကုမ္ပဏီ Consunet ၏ လျှပ်စစ်သံလိုက်လှိုင်းများကို တိုက်ပွဲဝင် စီမံခန့်ခွဲမှုစနစ်ခွဲနှင့်လည်း ပေါင်းစပ်ထားပြီး ရန်သူ့ရေဒါများနှင့် အာရုံခံကိရိယာများမှ လေယာဉ်မှူးများကို တန်ပြန် ထောက်လှမ်းနိုင်မှုမရှိစေရန် လုပ်ဆောင်ပေးထားသည်။

ဤအဓိကကျသော မဟာဗျူဟာမြောက် အမျိုးသားရေးကြိုးပမ်းအားထုတ်မှုတွင် ကျွန်ုပ်တို့သည် တိုက်ပွဲတွင်သက်သေပြထားသော ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထောက်ပံ့ပေးအပ်ကာ ဩစတြေးလျကာကွယ်ရေးစက်မှုလုပ်ငန်းအပေါ် စွမ်းအားအပြည့်ဖြင့် အသုံးချခြင်းဖြစ်သည်ဟု Lockheed ကုမ္ပဏီမှ အရာရှိ Warren Mc Donald က ရှင်းပြခဲ့သည်။

Northrop Grumman ကုမ္ပဏီသည် အမေရိကန်နိုင်ငံသုံး US All-Domain Command and Control Architecture ကွပ်ကဲကြီးကြပ်မှု ဖွဲ့စည်းပုံကိုအသုံးချသည့် ပဉ္စမမျိုးဆက် JABMS စနစ်ဖြင့် ၎င်း၏အဆိုပြုချက်ကိုကမ်းလှမ်းခဲ့သည်။

၎င်းသည်လေကြောင်းနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများတုံ့ပြန်မှုကို အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်နိုင်ရန်၊ နယ်ပယ်များစွာတွင် အာရုံခံကိရိယာများနှင့် Effector ကြားဖြတ်တိုက်ခိုက်ရေး လက်နက်စနစ်များကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

**Lockheed Beats Northrop for Australia's $487M Missile Shield Program ကို ဘာသာပြန်ဆိုထားပါသည်။**

## Teledyne ကုမ္ပဏီက ယူကရိန်းအတွက် C-UAS နည်းပညာပံ့ပိုးပေးရန် Kongsberg နှင့် လက်မှတ်ရေးထိုး



အမေရိကန်အခြေစိုက် Teledyne FLIR Defense ကုမ္ပဏီသည် ယူကရိန်းနိုင်ငံအတွက်တန်ပြန်ဒရုန်းစနစ်(C-UAS) နည်းပညာပံ့ပိုးပေးရန်အတွက် နော်ဝေနိုင်ငံ စစ်ဘက်စက်မှုလုပ်ငန်းစု Developer Kongsberg Defense & Aerospace နှင့် အမေရိကန်ဒေါ်လာ ၃၁ သန်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စီမံကိန်းတွင် Cerberus XL မိုဘိုင်း (ယာဉ်တင်) C-UAS စောင့်ကြည့်ရေးစနစ်များ၊ ဆက်စပ်ပစ္စည်းများ၊ ဆော့ဖ်ဝဲလ်၊ ပံ့ပိုးဝန်ဆောင်မှုများနှင့် လေ့ကျင့်သင်တန်းပေးရေးများပေးပို့ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်သည် ယူကရိန်းနိုင်ငံအတွက် ရုရှားနိုင်ငံ၏ အထူးစစ်ဆင်ရေး လုပ်ဆောင်ချက်များအပေါ် ကာကွယ်ရေးတွင် အရေးပါသောစွမ်းဆောင်ရည်များပိုင်ဆိုင်နိုင်ရန် ဗြိတိန်နိုင်ငံမှ စတင်လုပ်ဆောင်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုတစ်ခုဖြစ်သော ယူကရိန်းအတွက် နိုင်ငံတကာရန်ပုံငွေအဖွဲ့နှင့် Kongsberg ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှု၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။

Cerberus XL သည် ပစ်မှတ်တည်နေရာနှင့် ရန်သူ့ဒရုန်းများကို ခြေရာခံနိုင်ရန် အလွန်အကဲဆတ် ဆန်းသစ်သောရေဒါအာရုံခံကိရိယာများပါရှိကာ အဆင့်မြင့် အပူပုံရိပ်ရှာစနစ်နှင့် အမြင်အာရုံပုံရိပ်ဖော်စနစ်ကို ပေါင်းစပ်အသုံးပြုထားသည်။

တန်ပြန်ဒရုန်းစနစ် (C-UAS) သည် ခြိမ်းခြောက်မှုများကို ဖယ်ရှားရှင်းလင်းနိုင်ရန် Kongsberg ကုမ္ပဏီထုတ် အဝေးထိန်း လက်နက်စခန်းသို့ သတင်းအချက်အလက်များကို ပေးပို့နိုင်မည်ဖြစ်သည်။

Teledyne FLIR Defense ကုမ္ပဏီသည် ယူကရိန်းတပ်ဖွဲ့ဝင်များကို ကာကွယ်ရန်အတွက် ကျွန်ုပ်တို့၏မျိုးဆက်သစ် Cerberus XL တန်ပြန်ဒရုန်းစနစ်ကို ပေးအပ်ရာတွင် Kongsberg နှင့် ပူးပေါင်းဆောင်ရွက်သည့်အတွက် ဂုဏ်ယူမိသည်ဟု Teledyne FLIR ကာကွယ်ရေးဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ ဒေါက်တာ Jih Fen Lei က ပြောကြားခဲ့သည်။

"ကျွန်ုပ်တို့သည် Kongsberg အတွက် ခေတ်မီဆန်းသစ်သောပုံရိပ်ဖော်ဖြေရှင်းနည်းများကို ပံ့ပိုးပေးနေသည့် ရှည်လျားသောသမိုင်းကြောင်းရှိပြီး အရေးကြီးသောပူးပေါင်းအားထုတ်မှုသည် ကျွန်ုပ်တို့၏ ကုမ္ပဏီနှစ်ခု ဆက်ဆံရေးကို ခိုင်မာအားကောင်းစေသည်ဟု Jih Fen Lei က ပြောကြားခဲ့သည်။

Teledyne နှင့် Kongsberg ကုမ္ပဏီတို့သည် ယူကရိန်းကိုကာကွယ်ရန်အတွက် ပြီးခဲ့သည့်လက C-UAS စွမ်းရည်များကို ပေးအပ်ခဲ့သည်။ သီးခြားစီမံကိန်းတစ်ခုတွင် Cortex Typhon C-UAS၊ သက်ဆိုင်ရာ ပေါင်းစပ်တိုက်ခိုက်ရေးစနစ်များ၊ ရေဒါနှင့်ထောက်လှမ်းစနစ်များနှင့် Protector RS6 အဝေးထိန်းလက်နက်စခန်းတို့ အပါအဝင် အမေရိကန် ဒေါ်လာ ၇၁ သန်းဖိုး ပေးအပ်ခဲ့ဖူးသည်။

ပြီးခဲ့သည့်နှစ်က နော်ဝေနှင့် ဗြိတိန်နိုင်ငံတို့က ယူကရိန်းအတွက် Black Hornet မိုက်ခရိုဒရုန်းများ ဝယ်ယူမှုကို ကြေညာခဲ့သည်။

GPS မပါဘဲ စစ်မြေပြင်ရှိပစ်မှတ်များကို လျှို့ဝှက်စွာစိစစ်ခွဲခြားခြင်းနှင့် ထောက်လှမ်းခြင်း မစ်ရှင်များအတွက် ဆူညံသံအလွန်နည်းကာ ပေါ့ပါးသောအလေးချိန်တို့ဖြင့် လှုပ်ရှားစစ်ကစားနိုင်စွမ်းနှင့် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စွမ်းတို့ကို များစွာအထောက်အကူပြုသည့် ဒရုန်းအမျိုးအစားများလည်းဖြစ်သည်။

**Ukraine to Acquire Mobile Anti-Drone Solution From Teledyne, Kongsberg ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြန်မာ့ရော်ဘာကို နိုင်ငံတကာဈေးကွက်သတ်မှတ်ချက်အတိုင်း အရည်အသွေးပြင်ဆင်ရောင်းချနိုင်ရန် ကြိုတင်ဆောင်ရွက်နေ



**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာ့ရော်ဘာကို နိုင်ငံတကာ ဈေးကွက် သတ်မှတ်ချက်အတိုင်း အရည်အသွေး ပြင်ဆင်ရောင်းချနိုင် ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေ ကြောင်း မြန်မာနိုင်ငံ ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက် ဧက စုစုပေါင်း ၁ ဒသမ ၆ သန်း ကျော်ရှိပြီး ရော်ဘာအစေးခံ၍ ကုန် ကြမ်းထုတ်လုပ်နိုင်သည့် ရော်ဘာ ဧက စုစုပေါင်း ၈၅၀၀၀၀ ကျော်ရှိ ကာ တစ်နှစ်လျှင် ရော်ဘာတန်ချိန် လေးသိန်းခန့်ထွက်ရှိသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိ သည့် ရော်ဘာများကို တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒို နီးရှား၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ) သို့ အဓိက တင်ပို့ရောင်းချပေးနေ ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ် ဇူလိုင်လတွင် အဆိုပါပြည်ပဖောက် သည်ဈေးကွက်နိုင်ငံများမှ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဖောက်သည်ဈေးကွက်နိုင်ငံ လေးနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၇၇၀ တင်ပို့ရောင်းချပေးခဲ့သည်။

ယခုအခါ နိုင်ငံတကာရော်ဘာ ဈေးကွက်တွင် ၂၀၃၀ ပြည့်နှစ်၌ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် အစီ အမံများဖြင့် ထုတ်လုပ်ထားသည့် သဘာဝရော်ဘာများကို အရောင်း အဝယ်ပြုလုပ်ရန် စီမံဆောင်ရွက်နေ ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတကာရော်ဘာ ဈေးကွက်များ၌ ရေရှည်တည်တံ့ နိုင်သော သဘာဝရော်ဘာစနစ်များ ဖြင့်သာ ရောင်းချကြရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ရော်ဘာဈေးကွက်သတ်မှတ် ချက်အတိုင်း လိုက်ပါဆောင်ရွက် နိုင်မှသာ နိုင်ငံတကာရော်ဘာဈေး ကွက်များတွင် ဈေးကွက်ယှဉ်ပြိုင် ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ ကြောင့် မြန်မာ့ရော်ဘာကို နိုင်ငံ တကာဈေးကွက် သတ်မှတ်ချက် အတိုင်း အရည်အသွေးပြင်ဆင် ရောင်းချနိုင်ရန် ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ရေရှည်တည်တံ့နိုင်သော သဘာဝရော်ဘာစနစ်ဖြင့် ထုတ် လုပ်သည့် ရော်ဘာသည် ရော်ဘာ စိုက်ပျိုးထုတ်လုပ်သည့် နေရာတွင် သစ်တောပြုန်းတီးမှုမဖြစ်ရန်နှင့် ရော်ဘာထုတ်လုပ်ရေး လမ်းစဉ် တစ်လျှောက်တွင် လူ့အခွင့်အရေး နှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်၊ မပျက်စီးရေး စသည့် စည်းမျဉ်း စည်းကမ်းဘောင်အတွင်းက ထုတ် လုပ်လိုက်သည့် အရည်အသွေးမီ ရော်ဘာများဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်၌ နိုင်ငံတကာရော်ဘာ ဈေးကွက်များတွင် အဆိုပါရော်ဘာ များကိုသာ အရောင်းအဝယ်ပြုလုပ် နိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။ (၃၃၆)

# ပန်းတနော်မြို့နယ် ရွှေလေ့ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ပန်းတနော် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူ ပင်ခရိုင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးငယ်များ အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ လုပ်ကိုင်ရာ တွင် အထောက်အကူပြုစေရန်၊ လူနေမှုဘဝမြှင့်တင်ရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက် အကူပြု အခြေခံစက်ချုပ်သင်တန်း ကို ယနေ့ နံနက်ပိုင်းက ရွှေလေ့ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်ခရိုင် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့ နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းသူများ အနေဖြင့် သင်တန်းတွင်ပို့ချပေးမည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ကြားပြီး သင်တန်းပြီးဆုံးပါက မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုစေရေးဆောင်ရွက်ပေးကြ စေလိုကြောင်း ပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြ ဒေါ်နီလာစိုးက သင်တန်းတွင် ပို့ချ မည့် ဘာသာရပ်များကို ရှင်းလင်း ပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်း ပေးအပ်သည်။

သင်တန်းတွင် အခြေခံလက် ချုပ်၊ စက်ချုပ်၊ ပုဆိုး၊ ထဘီ၊ ခေါင်းအုံးစွပ်၊ ကလေးဘောင်းဘီ၊ ကလေးအင်္ကျီ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီ ချုပ်လုပ်နည်းစသည့် အခြေခံဘာသာရပ်များကိုသင်တန်း နည်းပြနှစ်ဦးက စာတွေ့၊ လက် တွေ့ နှစ်မျိုးဖြင့် ယနေ့မှ အောက် တိုဘာ ၁ ရက်ထိ တစ်လကြာ အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

# မံစီမြို့နယ် နမ့်မဖွဲ့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မံစီ စက်တင်ဘာ ၂**

ကချင်ပြည်နယ် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်မဖွဲ့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မံစီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးတန်ဂျီးနှင့် တာဝန်ရှိ သူများက နမ့်မဖွဲ့ကျေးရွာ၌ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာ ဖြင့် အချိန်မီပြီးစီးအောင် ဆောင် ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော် မတီမှ တာဝန်ရှိသူများကို မှာကြား ခဲ့ကြောင်း သိရသည်။

မံစီမြို့နယ် နမ့်မဖွဲ့ကျေးရွာ၌ အလျား ၅၅ ပေ၊ အနံ ၃၃ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ မျက်နှာကြက်တပ်ဆင်ခြင်း၊အလျား ရှစ်ပေ၊ အနံလေးပေ၊ အမြင့်ခုနစ် ပေရှိ နှစ်ခန်းတွဲသန့်စင်ခန်း တည် ဆောက်ခြင်း၊ အရှည် ၃၃၂ ပေ၊ အမြင့် ခြောက်ပေရှိ ဘက်စုံသုံး ခန်းမ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း များကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ မြစိမ်း ရောင် ကျေးရွာစီမံကိန်း အတိုးရ ငွေကျပ် ၁၀ သန်းဖြင့် ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ ရာ ယခုအခါ ၄၅ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း မံစီမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇော်ဦး(မောရှမ်းမြေ)**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၁၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

၂၀ ရှေ့ဖုံးမှအဆက်

တရားဘာဝနာပွားများခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် သက်ကြီးဘိုးဘွားများကို ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန်အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများကို အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များ၊ Buggy များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများ အသက်သာဆုံးဖြစ်စေရေးအတွက် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှစတင်၍ ဘုရားကြီးဝင်းအတွင်းဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများရိုက်ကူးခြင်းနှင့် အပျော်တမ်း ကင်မရာရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ရပ်နားသည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။















မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့မြင်ရစဉ်။

# မန္တလေးမြို့ပေါ်၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင်သီလရှင်တို့အား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**မန္တလေးမြို့ပေါ်၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင်သီလရှင်တို့အား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။**

**နေပြည်တော် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ပြုလုပ်သော မန္တလေးမြို့ပေါ်ရှိ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင်သီလရှင်တို့အား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မန္တလေးမြို့ပေါ်ရှိ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင်သီလရှင်တို့အတွက် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မဂါရဝကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘာဘိဝံသထံမှ အနုမောဒနာတရား နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့ရွာများ ဘုရားစေတီပုထိုးများ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဝါတွင်းကာလအတွင်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာများ အားထုတ်နိုင်ရေးတို့အတွက် ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၌လည်းကောင်း၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် အဘယာရာမရွှေဂူကျောင်းတိုက်ဝင်းအတွင်းနှင့် ပုသိမ်ကြီးမြို့နယ် နှမ်းကြဲရပ်ကွက် အေးမြမြိုင်ဘုန်းကြီးကျောင်းဝင်း အတွင်း၊ အပြင်တို့၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ကျိုင်းတုံမြို့ နောင်ကုန်ကျေးရွာအုပ်စု အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။**



**ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။**

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၃-၉-၂၀၂၃ (တနင်္ဂနွေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | မြန်မာ့ယဉ်ကျေးမှုအနုပညာ |
| ၂။ | ၁၁း၀၀ | အမြေညှိစရာ ပဟေဠိကမ္ဘာ |
| ၃။ | ၁၄း၁၀ | First Step |
| ၄။ | ၁၅း၂၅ | Our Travelling |
| ၅။ | ၂၁း၂၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ |

# ကလေးမြို့နယ် ဆည်တော်ဦးကျေးရွာနှင့် အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တော်ဦးကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ဦးရေ ၂၀၀ တို့ကို သွေးတိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် အမှတ်(၅)ဆွေသဟာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ရှိသံဃာတော် အပါး ၈၀၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀ နှင့် ဒေသခံပြည်သူ ရှစ်ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုများစစ်ဆေးပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ချောင်းမငယ်ရေလှောင်တမံရေိယာအတွင်းရှိ သီးနှံသစ်တောရောနှောစိုက်ခင်း ထူထောင်ရေးနှင့်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီးရှိ ချောင်းမငယ်ရေလှောင်တမံဧရိယာအတွင်းရှိ သီးနှံသစ်တောရောနှောစိုက်ခင်းထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဌာနဆိုင်ရာတာဝန်ရှိသူများက တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှု၊ စိုက်ပျိုးရေပေးဝေမှုနှင့် ချောင်းမငယ်ရေလှောင်တမံ ရေသောက်စနစ်တွင်ပါဝင်သည့် ဆင်အုံကန်သို့ရေကူပေးနေမှု၊ ၂၀၂၂ ဇန်နဝါရီလမှ စတင်၍ နေပြည်တော် ပြည်သူလူထုသောက်သုံးရေအတွက် ဆင်အုံကန်မှ ရေဂါလန် ၃၄ သိန်း ပေးဝေနေမှု၊ လယ်ဝေးမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Agroecological Project အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ဒေသတွင်း ငါးထုတ်လုပ်မှု တိုးတက်ပြီး ငါးဈေးနှုန်းများတည်ငြိမ်ကျဆင်းလာစေရေးအတွက် ကုန်ကျစရိတ်ကြီးမားစွာဖြင့် ဆောင်ရွက်ရန်မလိုအပ်ဘဲ စရိတ်သက်သာစွာဖြင့် ငါးမွေးမြူထုတ်လုပ်လာနိုင်ကြစေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တိုင်းရင်းကြက်နှင့်ဘဲမွေးမြူရေးလုပ်ငန်းများကို စနစ်တကျတိုးမြှင့်ဆောင်ရွက်လာစေရန်နှင့် သဘာဝအတိုင်းမွေးမြူသောဒေသကြက်၊ ဘဲမွေးမြူထုတ်လုပ်ရေးကို ချောင်းမငယ်ဧရိယာအတွင်း ဓာတုကင်းလွတ်သော ဒေသကြက်ဥ၊ ကြက်သား၊ ဒေသဘဲဥ၊ ဘဲသားများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ချောင်းမငယ် ရေလှောင်တမံဧရိယာအတွင်း စိုက်ပျိုးထားသည့် မန်ကျည်းရှား၊ ကုက္ကိုနှင့် မဲဇလီစိုက်ခင်းများနှင့် ချောင်းမငယ် ရေလှောင်တမံရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဂ္ဂလိက CP ဝက်မွေးမြူရေးခြံ၏ အသားတိုးဝက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် နေပြည်တော်ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုဝန်ကြီးရုံး ဝန်ထမ်းများ ကွန်ပျူတာအသုံးချနည်းပညာကျွမ်းကျင်မှု မြှင့်တင်ပေးရန် ဖွင့်လှစ်သည့် Microsoft Office Course သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားကြပြီး သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မစန်းပါး (၂)ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၉၆၂ ဧကရှိသော နယ်မြေကို **"မစန်းပါး (၂)ဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၃) အရ ၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မစန်းပါး(၂)ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဓိကဒီရေတောသစ်မျိုးများဖြစ်သော ပြူးခြေထောက်၊ ပြူးအုပ်ဆောင်း၊ ကနစို၊ သမဲ့ကြီး၊ ကျနှ၊ ပင်လယ်အုန်းစသည့် အဖိုးတန်သစ်မျိုးများနှင့် လမု၊ လဘ၊ ဘူးဇရပ်၊ ပန်လုံး၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဖျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ပန်းဖင်ငှက်နှင့် ဒင်ကြီးငှက်စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန်များစသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မြိတ်မြို့ စိန့်အဲလ်ဘတ်ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီးသင်အထက်တန်းကျောင်းနှင့် မြိတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တိုင်းရင်းသား၊ ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စိန့်အဲလ်ဘတ်ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီးသင် အထက်တန်းကျောင်းနှင့် မြိတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အဆိုပါ စိန့်အဲလ်ဘတ်ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီးသင်အထက်တန်းကျောင်းနှင့် မြိတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့လှူဒါန်းငွေဖြင့် ဆန်အိတ် ၃၃၀၊ ဆီပိဿာ ၈၀၀ နှင့် ကြက်ဥအလုံး ၂၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ် ပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် နေ့လယ်ပိုင်းတွင် လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြေးခုန်ပစ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် အောက်တိုဘာ ၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။





နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော် တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ငါး သင်းဖြင့် အောက်တိုဘာ ၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပန်းတောင်းတပ်နယ်အသင်းနှင့် ရေတာရှည်တပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ရေတာရှည်တပ်နယ်အသင်းတို့ကို တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရေတာရှည်တပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ခြောက် သင်းဖြင့် ဩဂုတ် ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၀၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါ လုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "ZizawarPhyu (ဆွေဇင်အို)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက်နေ ဇီဇဝါဖြူ (ခ) ဆွေဇင်အိုကို ည ၈ နာရီ ၁၅ မိနစ်တွင် ပြည်ကြီးတံခွန် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဗြိတိန်နိုင်ငံတွင် ယခုနှစ်နွေရာသီက အငွေ့မပြောက်အပူချိန်အမြင့်ဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့



**လန်ဒန် စက်တင်ဘာ ၂**

ယခုနှစ်နွေရာသီက ဗြိတိန်နိုင်ငံအပါအဝင် ဥရောပတိုက်တစ်တိုက်လုံး အတိုင်းအတာဖြင့် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုနှင့် ရင်ဆိုင်ခဲ့ရပြီး အပူချိန်ပမာဏမှာ ပျမ်းမျှ ၃၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ကာ ၁၈၈၄ ခုနှစ်နောက်ပိုင်း ဗြိတိန်နိုင်ငံတွင် ယခုနှစ် နွေရာသီသည် အငွေ့မပြောက်အပူချိန်အမြင့်ဆုံးနွေရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဗြိတိန်ဗဟိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု AA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အထူးသဖြင့် ဇူလိုင်လအတွင်း အပူချိန်အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိခဲ့ပြီး ဗြိတိန်နိုင်ငံသက်တမ်းတစ်လျှောက် ယခုနှစ် ဇူလိုင်လသည်လည်း အပူချိန်အမြင့်ဆုံးသော ဇူလိုင်လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ယခုနှစ်နွေရာသီသည် ဗြိတိန်နိုင်ငံတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေရာသီအတွင်း ဥရောပတိုက်မှာ အပူလှိုင်းတွေ ဖြတ်သန်းခဲ့ပြီးတော့ အပူချိန်စံချိန်တင်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဗြိတိန်နိုင်ငံမှာလဲ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့တယ်။ အပူချိန်ဟာ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၁၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ ပျမ်းမျှအပူချိန်ပမာဏဟာ ၃၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပါတယ်။ ဒီပမာဏဟာ ၁၈၈၄ ခုနှစ်နောက်ပိုင်း ဗြိတိန်နိုင်ငံအတွက် အငွေ့မပြောက်အပူချိန်အမြင့်ဆုံးနွေရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒီနှစ် နွေရာသီမှာ ဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏဟာ ၂၀၂၂ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏလောက် မများဘူးဆိုပေမဲ့ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့အပူချိန်ထက်မြင့်မားခဲ့ပါတယ်"ဟု ဗြိတိန်ဗဟိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်တွင် ဆာအိုလာတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ပေကျင်း စက်တင်ဘာ ၂**

ဆာအိုလာဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာ ၁ ရက်က ဟောင်ကောင်နှင့်မကာအိုတို့ကို ဖြတ်သန်းခဲ့ပြီးနောက် ယနေ့တွင် တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း တရုတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနကထုတ်ပြန်ခဲ့သည်ဟု XM သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဟောင်ကောင်နှင့် မကာအိုတို့ကို ဝင်ရောက်တိုက်ခတ်ခဲ့စဉ်က လူတစ်ဦးသေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ထားသည့်အတိုင်းပင် ဆာအိုလာတိုင်ဖွန်းမုန်တိုင်းသည် ဟောင်ကောင်၊ မကာအိုတို့ကို တိုက်ခတ်ခဲ့ပြီးနောက် ဂွမ်ဒေါင်းပြည်နယ်သို့ စတင်ဝင်ရောက်တိုက်ခတ်နေပြီဖြစ်သကဲ့သို့ မုန်တိုင်းကြောင့် ဂွမ်ဒေါင်းပြည်နယ်တွင် စီးပွားရေးအခြေခံအဆောက်အအုံတချို့၊ စာသင်ကျောင်းများနှင့် ဈေးတချို့ကို ယာယီပိတ်ထားရကြောင်း ဂွမ်ဒေါင်းပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းတချို့ကိုလည်း ယာယီဆိုင်းငံ့ထားကြောင်း၊ မုန်တိုင်းကြောင့် ဟောင်ကောင်တွင်လည်း လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထားဆဲဖြစ်ပြီး စက်တင်ဘာ ၁ ရက်က ယာယီပိတ်ထားရန်ထုတ်ပြန်ကြေညာထားသော အဆောက်အအုံများကိုလည်း ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

ဂွမ်ဒေါင်းပြည်နယ်တွင် ဆာအိုလာမုန်တိုင်းကြောင့် မိုးရေချိန်မြင့်မားပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လာမည့်အခြေအနေဖြင့် ရင်ဆိုင်နေရကာ လေတိုက်နှုန်းမြင့်မားနေကြောင်း၊ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးမှုမြင့်မားနိုင်ကြောင်း၊ ထို့ကြောင့် ဂွမ်ဒေါင်းပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို မုန်တိုင်းကာလအတွင်း ကမ်းခြေဒေသများနှင့် တောင်ကုန်းတောင်တန်းများတွင် နေထိုင်ခြင်းကို ရှောင်ကြဉ်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**



# ဥရောပသမဂ္ဂက COP28 ညီလာခံတွင် ရုပ်ကြွင်းလောင်စာဖယ်ရှားရေး ဦးစားပေးဆွေးနွေးမည်

**အဘူဒါဘီ စက်တင်ဘာ ၂**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၌ ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် COP28 ညီလာခံတွင် ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် ရုပ်ကြွင်းလောင်စာဖယ်ရှားရေးကဏ္ဍကို ဦးစားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Insurance Journal က ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကလည်း COP28 ညီလာခံတွင် ရုပ်ကြွင်းလောင်စာဖယ်ရှားရေးကဏ္ဍကို ဆောင်ရွက်သွားမည်သဘောတူညီချက်ရရှိရန် တက်ရောက်လာသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များကို တွန်းအားပေးသွားရန်ပြင်ဆင်နေသလို ရုပ်ကြွင်းလောင်စာဖယ်ရှားရေးအတွက် COP28 ညီလာခံတွင် တင်သွင်းရန်အတွက် မူကြမ်းကိုပင် ရေးဆွဲထားပြီးဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"COP ညီလာခံတွေရဲ့ အဓိကရည်မှန်းချက်ဟာ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အရေးပါတဲ့ အဓိကအချက်ကလဲ ရုပ်ကြွင်းလောင်စာသုံးစွဲမှု ဖြတ်တောက်ဖို့ဖြစ်ပါတယ်။ မကြာမီမှာကျင်းပတော့မဲ့ COP28 ညီလာခံမှာ စွမ်းအင်ကဏ္ဍကနေ ရုပ်ကြွင်းလောင်စာဖယ်ရှားရေးကိစ္စရပ်ကို အဓိကထားဆွေးနွေးသွားမယ်။ ရုပ်ကြွင်းလောင်စာဖယ်ရှားရေးကို ဆွေးနွေးဖို့အတွက် လိုအပ်တဲ့စာမူကြမ်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ COP28 မှာမူကြမ်းကို တင်သွင်းပြီးတော့ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တော်တွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်သွားမယ်" ဟု ဥရောပသမဂ္ဂအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

COP28 ညီလာခံ၏ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးမှာ ရုပ်ကြွင်းလောင်စာကို စွမ်းအင်ကဏ္ဍမှ ဖယ်ရှားနိုင်ရန် အဓိကကျသည့်အတွက် ကုလသမဂ္ဂအဖွဲ့အစည်း၏ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်နိုင်ရေး၏ အဓိကသော့ချက်မှာ ရုပ်ကြွင်းလောင်စာသုံးစွဲမှု ဖြတ်တောက်ရေးပင်ဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။








၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



0w Kv d @

# ကမ္မသကာ

ရွှေညာ(ရွာတန်းရှည်)




(၁)

"ကိုကျော်မောင်ရယ် ဒသမရှစ်ဆယ်ပဲရှိတဲ့ ဒီလယ်လေးတစ်ကွက်ကို ဘယ်နှရက်များ ရိတ်မှာလဲ"

"ကဲ မိန်းမရေ အဲဒါနောက်မှပြောကွာ ထမင်းအရင်ချ"

"ကဲ ဒါဆိုလဲ လာတော် စားရအောင်။ ဟင်းကတော့ ခွေးတောက်ရွက်ကြော်နဲ့ ငရုတ်သီးစိမ်းထောင်းပဲပါတယ်"

မိကောက် စကားဆုံးဆုံးချင်းမှာပဲ ကျော်မောင်သည် လယ်ကန်သင်းပေါ် တက်လာခဲ့သည်။

"ဟူး မောလိုက်တာကွာ။ မပြီးတာလဲမပြောနဲ့ဟ။ သူ့လယ်က ဒသမရှစ်ဆယ်လို့သာပြောတာ ငါရိတ်နေတာ ငါးရက်ရှိပြီ။ အခုမှ တစ်ဝက်ပဲပြီးသေးတာ။ ဒသမရှစ်ဆယ်သာ ဟုတ်ရိုးမှန်ရင် ဒီနေ့ပြီးပြီပေါ့ဟာ"

"ဒါဆို ဒသမရှစ်ဆယ်မကဘူးပေါ့နော် ကိုကျော်မောင်။ ညနေကျရင်တော့ ဦးလေးတိုးဝေကို သေချာအောင်သွားမေးရအုံးမယ်"

"အဲဒီလိုတော့ မဆိုလိုပါဘူးဟာ။ သွားမေးရင်လဲ ရန်ဖြစ်ရတာပဲရှိမယ်။ မေးမနေပါနဲ့တော့။ နင့်ဦးလေး မိန်းမကလဲ အပေါက်ကခပ်ဆိုးဆိုးရယ်"

ကျော်မောင်သည် ထန်းရွက်တဲထဲတွင်ရှိသည့် သောက်ရေအိုးမှ ရေတစ်ခွက်ကို ခပ်ယူသောက်လိုက်သည်။

"ဟူး. . . ရေကလဲ ပူလိုက်တာ"

ရေတစ်ငုံကို အာလုတ်ကျင်းပြီး ထွေးထုတ်လိုက်သည်။ နေရောင်သည် မလုံ့တလုံမိုးထားသည့် ထန်းရွက်ကြားမှ ပြောက်ကျိုပြောက်ကျား ထိုးကျနေ၏။ ကျော်မောင်တို့လင်မယားသည် လယ်ပိုင်၊ ယာပိုင်မရှိသောကြောင့် ပျိုးနုတ်၊ ကောက်စိုက်၊ အမှိုက်ရှင်း၊ စပါးရိတ် စသည့်နေ့စားအလုပ်များနှင့်သာ ဘဝကိုထူထောင်နေရသည်။ ယခု ရိတ်နေသည့်လယ်ကလည်း မိကောက်၏ဦးလေး အရင်းတော်စပ်သူ ဦးတိုးဝေ၏ လယ်ဖြစ်သည်။ မိကောက်၏ မိဘနှစ်ပါးသည် မိကောက်နှစ်နှစ် သမီးအရွယ်မှာပင် ဆုံးသွားခဲ့၏။ အကြီးဆုံးဖြစ်သော ဒေါ်ဝေဝေလွင်သည် ငယ်ငယ်ကတည်းက သီလရှင်ဝတ်သွားခဲ့သည်။ နိုင်ငံတော်ကကျင်းပသော ဓမ္မာစရိယတန်းကို အောင်မြင်ပြီးနောက် စာချဆရာကြီးအဖြစ်နှင့် သိရီမဟာမြိုင်သီလရှင်စာသင်တိုက်မှာ ပရိယတ္တိစာပေများကို ပို့ချလျက်ရှိသည်။ ဒေါ်ဝေဝေလွင်ခေါ် ဆရာကြီး ဒေါ်သုနန္ဒာသည် မိကောက်ကိုရွာမှခေါ်ယူကာ သီလရှင်ဝတ်ပေးခဲ့ပြီး ပရိယတ္တိစာပေများကို သင်ကြားပေးခဲ့၏။ ဉာဏ်ကောင်းသော မိကောက်သည် အသက် ၁၈ နှစ်အရွယ်မှာပင် ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။ သို့သော် မိကောက်မပျော်ပါ။ ပါရမီမပါ၍ပဲလားမသိ ဆယ်နှစ်ခန့် အဒေါ့်ထံမှာ ပရိယတ္တိစာပေများကို သင်ကြားခဲ့ပြီး ပထမကြီးတန်း အောင်သောနှစ်တွင်ပင် လူဝတ်ကြောင်ဘဝကိုပြောင်းကာ ရွာကိုပြန်လာခဲ့သည်။ မိကောက်သည် ဦးတိုးဝေ၊ ဒေါ်နုရီတို့အိမ်တွင် နေထိုင်ရင်း ရွာအနောက်ပိုင်းက ကျော်မောင်နှင့် ချစ်ကျွမ်းဝင်ခဲ့သည်။ ဦးတိုးဝေ၏ဇနီး ဒေါ်နုရီသည် ဆင်းရဲသော ကျော်မောင်နှင့်သဘောမတူခဲ့ပါ။

မိကောက်သည် ကျော်မောင်နှင့် ခိုးရာလိုက်ပြေးသွားတော့သည်။ ထိုအချိန်ကစပြီး ဒေါ်နုရီသည် မိကောက်ကို အငြိုးထားပြီး အိမ်ပေါ် အတက်မခံတော့သလို မိကောက်ပိုင်သည့်လယ်နှင့် နွားတစ်ရှဉ်းကိုလည်း အပိုင်သိမ်းထားလိုက်တော့သည်။

(၂)

"ဦးလေးတိုးဝေ. . . ဦးလေးတိုးဝေရှိလား"

"ဟဲ့ ဘယ်သူလဲ မရှိဘူးဟေ့။ ဘာပြောချင်လို့လဲ၊ ပြောစရာရှိရင် ငါ့ကိုပြောထားခဲ့"

မိကောက်သည် ဒေါ်နုရီ၏ မျက်နှာထားတင်းတင်း၊ လေသံမာမာကြောင့် နည်းနည်းတော့လန့်သွား၏။ နှုတ်ကြမ်းအာကြမ်းရှိသည့် ဒေါ်နုရီကို မိကောက်ကြောက်သော်လည်း မထူးတော့သဖြင့် ခြံစည်းရိုးတံခါးကိုတွန်းဖွင့်ပြီး အိမ်ထဲသို့ မဝံ့မရဲဝင်လာခဲ့သည်။

"ဩော်. . . ဘယ်သူများလဲမှတ်တယ်။ မယ်သီလ လူထွက်ကိုး"

မိကောက်သည် ဒေါ်နုရီ၏ ရိုင်းပျသောစကားကြောင့် ဒေါသထွက်သော်လည်း ကြိတ်မှိတ်မျိုသိပ်လိုက်ရသည်။

"အခု ကျုပ်တို့ရိတ်နေတဲ့လယ်က ဒသမရှစ်ဆယ်လား၊ တစ်ဧကလား သိချင်လို့၊ အဲဒါလာမေးတာပါ"

"ဟော့ကောင်မ အများတကာ ဒသမရှစ်ဆယ်နဲ့ ရိတ်နေတာကြာပြီဟဲ့။ ညည်းကျမှ လာမေးနေရသေးတယ်။ ဘာလဲမယုံလို့လား"

"မသိလို့ပါ ဒေါ်နုရီရယ်၊ မယုံလို့တော့ မဟုတ်ပါဘူး။ ကိုကျော်မောင် ရိတ်နေတာ ငါးရက်ရှိပြီ။ အခုမှ တစ်ဝက်ပဲပြီးသေးလို့ လာမေးကြည့်တာပါ"

"အမယ်လေးဟယ် ညည်းယောကျ်ားက ဘယ်တုန်းကများ တစ်ဧကကို လေး၊ ငါးရက်နဲ့ပြီးအောင် ရိတ်ဖူးလို့လဲ။ ကိုယ့်ယောကျ်ားအကြောင်းလဲ ကိုယ်သိရဲ့သားနဲ့၊ လက်ကြောမတင်းတဲ့ကောင်ကိုမှ ယူထားပြီး။ အေးလေ ညည်းလို မယ်သီလလူထွက်နဲ့တော့ လိုက်ပါတယ်ဟယ်"

ဒေါ်နုရီသည် မိကောက်သိချင်သည့် လယ်အကြောင်းကိုမဖြေဘဲ မဆိုင်သည့် ကျော်မောင်ကို ဆွဲထည့်ကာ မိကောက်ကိုလည်း ချိုးချိုးဖဲ့ဖဲ့ပြောလိုက်၏။ ထိုကဲ့သို့အပြောခံရသည်မှာ မိကောက်ဘဝတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်သည်။ မိကောက်၏ မျက်လုံးအိမ်တွင် မျက်ရည်စများပင်စို့လာသည်။

"အဲဒီလိုမပြောပါနဲ့ ဒေါ်နုရီ၊ ကျုပ်ဘာသာ မယ်သီလလူထွက်မကလို့ ဘာပဲဖြစ်နေဖြစ်နေ ဒေါ်နုရီနဲ့မဆိုင်ပါဘူး။ မယ်သီလလူထွက်မို့လို့လဲ သမ္မာအာဇီဝကျတဲ့အလုပ်ကို ကျုပ်ကလုပ်စားနေတာပေါ့။ ကိုယ့်ပစ္စည်း၊ ကိုယ့်ဥစ္စာမဟုတ်ဘဲ သူများပစ္စည်းမတရားယူပြီး လုပ်စားနေတာမဟုတ်ဘူး"

မိကောက်၏ မဟုတ်မခံစကားကြောင့် ဒေါ်နုရီ အရှိက်ထိသွားသည်။

"အမယ်လေး. . . အမယ်လေး မလောက်လေး မလောက်စား ကောင်မကများ ကြီးကြီးကျယ်ကျယ်ပြောလို့။ လာစမ်း ငါ့အကြောင်းသိသွားရအောင်"

ထဘီတိုတိုပြင်ဝတ်ပြီး အိမ်ထဲမှထွက်လာသည့် ဒေါသထွက်နေသော ဒေါ်နုရီကို ဦးတိုးဝေက လှမ်းဆွဲထားလိုက်သည်။

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်နေကြတာလဲ။ မကြီးမငယ်နဲ့ဟာ ပတ်ဝန်းကျင်ကိုလဲ အားနာကြအုံးမှပေါ့။ နင်တို့မရှက်တတ်ကြဘူးလား။ ကဲ မိကောက် ဘာကိစ္စရှိလို့လဲ ငါ့ကိုပြော"

"ထွေထွေထူးထူးကိစ္စတော့မရှိပါဘူး ဦးလေးတိုးဝေရယ်။ အခု ကိုကျော်မောင် ရိတ်နေတဲ့လယ်က ဘယ်နှဧကရှိလဲဆိုတာ သိချင်လို့လာမေးတာပါ"

"အဲဒါ"

"အင်း ရပြီရပြီ မိကောက်။ ငါသဘောပေါက်ပြီ။ ပြောရရင် အဲဒီလယ်က တစ်ဧကနဲ့ ဒသမနှစ်ဆယ်ရှိတယ်ဟ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ဦးလေးတိုးဝေရယ်။ အဲဒါ ဦးလေးတိုးဝေမိန်းမက ဒသမရှစ်ဆယ်ပဲရှိတယ်ဆိုပြီး ကျုပ်တို့ကို ပုတ်ပြတ်ရိတ်ခိုင်းထားတာ"

"ဟဲ့ကောင်မ ဒသမတစ်ရာပဲရှိရှိ၊ တစ်ရာ့နှစ်ဆယ်ပဲရှိရှိအေ။ ဟိုအရင်နှစ်တွေကလဲ သန်းခွဲ့တို့ ရိတ်နေတာ ဒသမရှစ်ဆယ်ဖိုးပဲ ပေးရတယ်။ ညည်းကျမှ ညည်းဦးလေးက ညည်းကိုဆင်းရဲနေလို့ ပိုပေးချင်နေတာထင်ပါရဲ့"

"ငါကပိုပေးချင်လို့ ပြောနေတာမဟုတ်ဘူး။ အရှိကို အရှိအတိုင်းပြောနေတာ။ ငါပြောလိုက်ရရင် မကောင်းဘူးနော် ဟင်း"

"ဩော်. . . ပြောလိုက်ရရင် မကောင်းဘူးတဲ့ ဟုတ်လား။ ကဲ ပြောစမ်းပါအုံး။ ဘာတွေများ မကောင်းတာလဲ ကိုတိုးဝေ"

"အေး ပြောဆိုလဲ ပြောရတာပေါ့ကွာ။ အဲဒီလယ်က မိကောက်လယ်ကွ။ ငါ့အစ်ကို စိုးဝေရဲ့လယ်သိရဲ့လား"

"နေပါအုံး ရှင့်အစ်ကို အဲဒီစိုးဝေဆိုတဲ့ကောင်က ရှင့်တူမကို ဘာစာချုပ်စာတမ်းတွေနဲ့ ပေးထားခဲ့လို့လဲ ကိုတိုးဝေရဲ့"

"ဘာစာချုပ်မှ မလိုဘူးကွ။ မိဘအမွေကို သားသမီးတွေက ဆက်ခံခွင့်ရှိတယ်ဆိုတာ နင်မသိဘူးလား။ မိကောက်ကသာ တောင်းခဲ့ရင် ပြန်ပေးရမှာပဲ"

"မသိဘူး။ သိစရာလဲမလိုဘူး။ ကိုယ်လုပ်စားလာတာ ဆယ်နှစ်ဆယ်မိုးမကတော့ဘူး။ ပြန်ပေးစရာလဲမလိုဘူး"

"အေး နင်ပြန်မပေးချင်လဲနေ။ တစ်နေ့တော့ ပိုင်ရှင်အမှန်ပေါ် လာလိမ့်မယ်။ အဲဒီလယ်က မိကောက်လယ်ဆိုတာတော့ နင်မြဲမြဲမှတ်ထား"

ဦးတိုးဝေသည် ရှေ့ဆက်မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်သည်။

"အမယ်လေး ဒေါ်လေးနုရီရယ် တော်ပါတော့။ ကျုပ်က လယ်ပြန်တောင်းဖို့ လာတာမဟုတ်ပါဘူး။ ဘယ်နှဧကရှိလဲ သိချင်လို့လာမေးတာပါ"

"အခုတော့ သိပြီမဟုတ်လား တစ်ဧကနဲ့ နှစ်ဆယ်တဲ့ဟေ့။

(၃)

တစ်နေ့ အိမ်နီးချင်း လေးခင်က အလည်လာရင်း-

"နင်တို့ဦးလေးတိုး လယ်ရောင်းမလို့ဆိုပါလားဟဲ့"

"ဘယ်လယ်ကို ရောင်းမှာလဲ လေးခင်"

"ဘယ်လယ်ရှိရမှာလဲ ညည်းတို့လယ်ပေါ့အေ"

"ဟုတ်ရောဟုတ်ရဲ့လား လေးခင်ရယ်။ ဘာအတွက် ရောင်းမှာလဲ၊ ပိုက်ဆံရှိရင် ကျုပ်ပဲဝယ်ထားလိုက်ချင်တယ်။ သူများလက်ထဲတော့ အရောက်မခံနိုင်ပါဘူး"

"ဟုတ်တယ်မိကောက်ရဲ့ ငွေ သိန်း ၂၂၀ နဲ့တဲ့။ ဘာအတွက်လဲဆိုတာတော့ ငါလဲသေချာမသိဘူး။ ဟိုတစ်လောကတော့ နှစ်လုံး၊ သုံးလုံးတွေ ရှုံးတယ်ကြားတာပဲ"

"အမယ်လေး ဘုရားဘုရား။ ဘယ်လောက်တောင် ရှုံးတာလဲ လေးခင်ရယ်။ ကျုပ်လယ်လေးတော့ သွားပြီထင်ပါရဲ့"

လယ်ရောင်းတော့မှာပါလားဆိုသော မိကောက်၏ အသိစိတ်သည် မိကောက်ရင်ကို ထုထည်ကြီးမားစွာ ဝင်ရောက်နှိပ်စက်လိုက်၏။ မိကောက်၏မျက်ဝန်းအိမ်မှ မျက်ရည်များက ပိုးပိုးပေါက်ပေါက်ကျလာသည်။

"ကျုပ်ဘာလုပ်ရရင်ကောင်းမလဲ လေးခင်ရယ် ကူညီပါအုံး"

"ရွာက သူကြီးဦးလူခင်ဆီသွားပြီး ကန့်ကွက်ထားရင် မကောင်းဘူးလား မိကောက်ရဲ့"

"ကောင်းတယ် ကောင်းတယ်လေးခင်။ ဒီနေ့တော့ မသွားအားသေးဘူး။ မနက်ဖြန် မနက်မှပဲ သွားပြောတော့မယ်။ ရတာ၊ မရတာတော့ ကမ္မသကာပေါ့လေးခင်ရယ်"

(၄)

"မိကောက်ရေ မိကောက်။ သတင်းကြားပြီးပြီလား"

မနက်စောစော ထမင်းချက်နေသော မိကောက်သည် လေးခင်၏အသံကြောင့် အိမ်ရှေ့သို့ထွက်လာခဲ့သည်။

"စောစောစီးစီး ဘာသတင်းများလဲ လေးခင်ရဲ့"

"ညည်းအဒေါ် ဒေါ်နုရီ လေဖြတ်သွားလို့တဲ့"

"ဟင်. . ."

"ဟင်မနေနဲ့။ ငါအခုပဲ သူ့အိမ်ရှေ့ကပြန်လာတာ။ ဘယ်သူမှလာတာ မတွေ့ရဘူး။ ညည်းဦးလေး ဦးတိုးဝေတစ်ယောက်ပဲ တွေ့ခဲ့ရတယ်"

"ဘယ်သူမှမလာဆို လေးခင်ရယ်။ သူ့အကြောင်းလဲ လေးခင်သိတဲ့ အတိုင်းပဲ။

စာမျက်နှာ ၂၅ သို့ ➤

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၁၁၈၄ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၁၁၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၃၈၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး မေလကစတင်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၁ ရက်ထိ မိုးနှမ်း ၃၁၁၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် အရာတော်မြို့နယ်မှာ မိုးနှမ်းဧက ၄၀၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့တယ်။ အခု ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ”ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မိုးနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP စနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ဆောင်းနှမ်းဧက ၂၅၀၀၀ စိုက်ပျိုးရန် လျာထားကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

တစ်ရွာလုံးနဲ့တစ်ယောက်ဆိုတဲ့ အစားမျိုးထဲကမဟုတ်လား။ ဒါပေမဲ့ ကျုပ်ကတော့ သွားအုံးမှဖြစ်မယ်။ ဦးလေးတိုးမျက်နှာက ရှိသေးတာ”

“အဲဒါတော့ ညည်းသဘောပဲလေ။ ငါကတော့ ဒေါ်နုရီနဲ့ စကားမပြောတာကြာပြီ။ သူ့အိမ်လဲမသွားတာကြာပြီ”

လေးခင်ပြန်သွားတော့မှ မိကောက်သည် လယ်ရောင်းမည့်ကိစ္စကို တားမြစ်ရန် သူကြီးအိမ်ကိုမသွားဖြစ်တော့ဘဲ ဦးတိုးဝေအိမ်သို့ ထွက်လာခဲ့၏။ မိကောက်သည် ဦးတိုးဝေ ဒုက္ခရောက်နေချိန်တွင် လယ်ကိစ္စကို ခဏမေ့ထားလိုက်သည်။ ဦးတိုးဝေတို့အိမ်ရောက်တော့ ကြမ်းခင်းပေါ်မှာ ပက်လက်အနေအထားဖြင့် လှဲနေသော ဒေါ်နုရီကို တွေ့ရသည်။ ဒေါ်နုရီမျက်နှာသည် အရင်လိုမဟုတ် အတော်အိုစာနေသည်။ ခက်ထန်မာကြောမှုများ မတွေ့ရသလို မျက်ရည်စများပင်ဝဲသီနေ၏။ ပါးကလည်း အတော်ကိုရှုံ့စောင်းနေသလို ပါးစပ်မှကျနေသည့် သွားရည်များကလည်း လူမြင်၍မကောင်း။ ဒေါ်နုရီသည် အိမ်ထဲဝင်လာသည့် မိကောက်ကိုမြင်တော့ ဝူးဝူးဝါးဝါး ဗလုံးဗထွေး အော်ဟစ်နေသည်။

“ဦးလေးတိုးဝေ ဒေါ်နုရီက ဘာတွေပြောနေတာလဲ”

“နင်လာတာ မကြိုက်လို့အော်နေတာ”

“ဩော် ဒေါ်နုရီရယ် ကျုပ်က ပြုစုပေးဖို့လာတာပါ”

မိကောက်၏စကားကြောင့် ဒေါ်နုရီ၏မျက်နှာသည် ပို၍ပင်ရှုံ့သွားသလားထင်မှတ်ရသည်။ ဒေါ်နုရီသည် လယ်ရောင်းရန် သူကြီးကိုလည်း ခေါ်ထားသည်။ အရောင်းအဝယ်စာချုပ်မည့်နေ့လည်းဖြစ်သောကြောင့် မိကောက်လာသည်ကိုမကြိုက်။ ခဏအကြာတွင် သူကြီးဦးလူခင်နှင့် လူစိမ်းနှစ်ဦး ဝင်လာသည်။

“ကဲ. . . မနုရီရေ တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ ခင်ဗျားရောဂါကလဲ ဒီနေ့ ဒီရက်မှာမှ လာဖြစ်ရတယ်လို့ ကျုပ်လဲစိတ်မကောင်းပါဘူး။ သမားကောင်းနဲ့တွေ့ရင်တော့ ပျောက်သွားမှာပါဗျာ”

သူကြီးဦးလူခင်သည် ဒေါ်နုရီကို အားပေးစကားပြောရင်း မိကောက်ကို တစ်ချက်ကြည့်လိုက်သည်။

“မိကောက်ပါလားဟေ့”

“ဟုတ် သူကြီး”

“ရောက်နေတာကြာပြီလား၊ တွေ့မှတော့မေးရအုံးမယ် မိကောက်။ အခု မနုရီတို့လယ်ရောင်းမဲ့ကိစ္စနဲ့ပတ်သက်ပြီး နင်ဘာပြောစရာရှိလဲ။ ပွင့်ပွင့်လင်းလင်းပြောနော်။ နောက်မှပြောလို့မရဘူး”

မထင်မှတ်ဘဲ ကြားလိုက်ရသော သူကြီးဦးလူခင်၏စကားကြောင့် မိကောက်ရင်ထဲ ကျဉ်ခနဲဖြစ်သွားသည်။ သူကြီးမေးသည့်မေးခွန်းသည် မိကောက်ဘဝအတွက် နောက်ဆုံးမေးခွန်းဖြစ်သည်။ မိကောက်၏အဖြေသည်လည်း ဒေါ်နုရီအတွက် နောက်ဆုံးအဖြေဖြစ်သည်။ မိကောက်သည် ဦးလေးဖြစ်သူ ဦးတိုးဝေကို ကြည့်လိုက်သည်။ ဦးတိုးဝေသည်လည်း မိကောက်ကို တောင်းပန်သည့်အကြည့်ဖြင့်သာ ပြန်ကြည့်နေရှာသည်။ မိကောက်၏အာရုံသည် အိမ်တွင်ကျန်ရစ်ခဲ့သည့်သားမျက်နှာက အလိုလိုပေါ်လာသည်။ နောက်ပြီး ကလေးတစ်ယောက်နှင့် မိမိကို ကျွဲလို၊ နွားလို ရုန်းကန်ပြီး လုပ်ကျွေးနေသော ကျော်မောင်ကိုလည်း သနားသည်။ မိကောက်၏စိတ်သည် ဝေခွဲမရဘဲ ဒွိဟဖြစ်နေသည်။ မိကောက်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဘာမှပြောစရာမရှိပါဘူး သူကြီး၊ ဦးလေးတိုးဝေတို့ သဘောအတိုင်း ရောင်းလိုက ရောင်းနိုင်ပါတယ်”

(၅)

ဒေါ်နုရီဆုံးသွားသည်မှာ သုံးနှစ်ကျော်ခဲ့ပြီ။

ရာသီစက်ယန္တရားသည် အချိန်ကာလများကို တရွေ့ရွေ့ကုန်လွန်စေခဲ့သည်မှာ မြန်လွန်းလှသည်။ မိကောက်တို့သည်လည်း နောက်ထပ်တိုးလာသည့် သားကလေးတစ်ယောက်နှင့်ဆိုလျှင် မိသားစုလေးယောက်ဖြစ်လာခဲ့သည်။

မိကောက်သည် ခေါင်းပေါ်မှ ထမင်းတောင်းကို လက်နှစ်ဖက်ဖြင့် မြဲမြဲဆုပ်ကိုင်ရင်း ခပ်သွက်သွက်လျှောက်လိုက်၏။

“ကိုကျော်မောင် ထမင်းဆာရင် စားလို့ရပြီနော်”

မိကောက်သည် ထန်းရွက်တဲအနီးရောက်သည်နှင့် စပါးရိတ်နေသော ကျော်မောင်ကို လှမ်းအော်ပြောလိုက်သည်။

“အေးအေး ဘာဟင်းပါလဲ”

ကျော်မောင်သည် ပြောပြောဆိုဆို စပါးရိတ်ရာမှတက်လာပြီး ထန်းရွက်တဲထဲကို ဝင်လာခဲ့သည်။

“ငါးပြေမဟင်း၊ ပုစွန်ဆိတ်ကြော်၊ ကုလားပဲဟင်းချိုနဲ့ ကိုကျော်မောင်ကြိုက်တဲ့ငရုတ်သီးထောင်း”

မိကောက်သည် ကျော်မောင်ကို ပြုံးပြလိုက်သည်။ ကျော်မောင်ကလည်း ပြန်လည်ပြုံးပြလိုက်သည်။ မိကောက်တို့လင်မယားနှစ်ယောက် ယခုတော့ အပြုံးပန်းများ လှိုင်လှိုင်ပွင့်နိုင်ကြပါပြီ။ လယ်ပိုင်ရှင်လည်း ဖြစ်နေပြီဆိုတော့ ဘဝအမောများကလည်း ပြေသင့်သလောက်ပြေနေပြီ။ ဒေါ်နုရီဆုံးသွားပြီးနောက် ဦးတိုးဝေသည် မိကောက်ကို လယ်ပြန်ပေးသည်။ ဒေါ်နုရီမဆုံးမီက လယ်ကိုရောင်းရန် လုပ်ခဲ့သော်လည်း ဦးတိုးဝေသည် စာချုပ်တွင် လက်မှတ်ထိုးရန် ငြင်းပယ်ခဲ့သည်။ မိကောက်လက်မှတ်ပါမှသာ တရားဝင်ဖြစ်မည်ဟု ဆိုခဲ့သည်။ ဒေါ်နုရီကို အကျိုးအကြောင်း ပြောပြဆုံးမကာ လယ်အစားသူတို့ပိုင်သည့်ခြံဝင်းကိုပဲ ပိုင်းရောင်းခဲ့ သည်။ နှစ်လုံး၊ သုံးလုံးကြွေးများကိုဆပ်ပြီးနောက် ဦးတိုးဝေသည် သာသနာ့ဘောင်သို့ အပြီးအပိုင် ဝင်ရောက်သွား၏။

“ကိုကျော်မောင်ရေ သားတွေလဲ ရှင်ပြုပေးဖို့ အချိန်ရောက်ပြီနော်။ ကံပေးတုန်း အလုပ်ကိုကြိုးစားလုပ်။ စီးပွားဖြစ်တာ၊ မဖြစ်တာတော့ ကမ္မသကာပေါ့ ကိုကျော်မောင်”

“အေးပါကွာ ငါလဲကြိုးစားနေတာပဲ။ နင်ကလဲ ပြောလိုက်ရင် ကမ္မသကာဆိုတာချည်းပဲ”

“ဩော်. . . ကိုကျော်မောင်ရယ် မပြောလို့ရမလား။ ဘဝတစ်ခုမှာ ကံမပါလို့မပြီးဘူးလေ။ ကိုယ်က ကိုယ့်အလုပ်ကိုလုပ်နေရင် ကံကလဲ ကံအလုပ်ကိုလုပ်နေမှာပေါ့။ ကံသာအမိ၊ ကံသာအဖတဲ့။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်တယ်ဆိုတာ ဒီလယ်က သက်သေပြပြီးပြီ။ ကျုပ်ပြောပြောနေတဲ့ “ကမ္မသကာ”ဆိုတာ ဒါကိုပြောတာ ကိုကျော်မောင်ရဲ့”

မိကောက်သည် ကျော်မောင်ကို စူးစူးရှရှကြည့်လိုက်၏။ မိကောက်၏ အကြည့်များသည် တည်ငြိမ်လှပါသည်။

---

## မေတ္တာထားလျက် ရှေ့ဆက်ပါ

\- ဖြူစင်စွာ နှလုံးသားနှင့်
လှံ့လထား တို့တစ်တွေ၊
မနာလို အမုန်းတရားတို့
ရှောင်ရှားကာနေ၊
လူ့ဘဝက ခဏပေ
စေတနာကို အမြဲမွေး၊
ချစ်မေတ္တာ ရင်မှာလွှမ်းလို့
ပေးကမ်းစို့လေး။

\- မေတ္တာသည် ငြိမ်းချမ်းရေး
ရေလိုအေး ထာဝစဉ်၊
ကောင်းမှုကို ချစ်မြတ်နိုးလို့
တန်ဖိုးမြှင့်တင်၊
ရိုးသားလို့ မနောဖြူစင်
စိတ်ကြည်လင် သဒ္ဒါပွား၊
အားစိုက်ကာ ဇွဲမာန်သုံးလို့
ရုန်းကန်လှုပ်ရှား။

\- သုံးဆယ့်တစ်ဘုံ သတ္တဝါများ
မေတ္တာထား ဖေးမကူ၊
လောကတွင် အလှတစ်ပါး
စိတ်ထားကြည်ဖြူ၊
အများကောင်းကျိုး သယ်ပိုးယူ
လူတို့ဘောင် သာယာရေးကိုဖြင့်
ထမ်းရွက်ပေး သန့်ရှင်းစွာ
ကရုဏာ အပြုံးများနဲ့
နှလုံးသား လှဖို့လေ
ချစ်မိတ်ဆွေ ကြိုးပမ်း၊
စည်းလုံးစေ အမုန်းမဖက်ပါလို့
လက်ချင်းယှက် ချစ်ခင်စွာ
မေတ္တာကို ပွေ့ကာဖက်မယ်
ရှေ့ဆက်လျှောက်လှမ်း။ ။

**မင်းဝေအောင်(ရဲကျွန်း)**

---

## ကြံခင်းမြို့နယ် မြင်သာကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကြံခင်း စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြင်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ကြံခင်းမြို့နယ် မြင်သာကျေးရွာ၌ အရှည် ပေ ၁၀၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ကိုယ့်အပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ

ကျော်စိုး(ခင်ကြီး)

မြန်မာလူမျိုးများသည် တစ်ပါးသူက မိမိအပေါ်ကို ကောင်းကျိုးတစ်စုံတစ်ရာ အကျိုးဆောင်မှုပြုလျှင် ထိုသူကို "ကျေးဇူးပါ" ဟူ၍ တုံ့ပြန်စကား ပြောဆိုကြသည်။ ဤသည်မှာ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ ထုံးစံတစ်ခုဖြစ်သည်။ ဘုရားရှင် ဟောကြားတော်မူထားသော ၃၈ ဖြာ မင်္ဂလာတရားတော်လာ "ကတညုတာ"သူ့ကျေးဇူးကိုသိတတ်ခြင်းဟူသော မင်္ဂလာကိုလည်း ပြုရာရောက်သည်။ ကြားရသူတိုင်း ရွှင်လန်းစေသည်။ ကျေးဇူးဟူသည် ငွေချေးငှားတစ်ခုကဲ့သို့မဟုတ်။ ချေးငွေသည် ငွေကျပ်တစ်ထောင် ချေးယူထားလျှင် ငွေကျပ်တစ်ထောင် ပြန်လည်ပေးဆပ်ပါက ကျေသည်။ ကျေးဇူးတရားမည်သည် တစ်ကြိမ်တစ်ခါ ဆပ်ရုံဖြင့် ကျေနိုင်သောအရာမဟုတ်။ အမိ၊ အဖများ၏ ကျေးဇူးဆိုလျှင် သာ၍ပင်ဆိုဖွယ်ရာမရှိချေ။ ကျေးဇူးဟူသည် ပြုသူအနေဖြင့် "ငါ့ကျေးဇူး ပြန်ပေးဆပ်"ဟူ၍ ငွေချေးတစ်ခုကဲ့သို့ ပြန်တောင်းယူ၍ မရသလို ကျေးဇူးစားကလည်း ငွေချေးငှားတစ်ခုကဲ့သို့ တစ်ကြိမ်တစ်ခါ ပြန်လည်ပေးဆပ်လိုက်သည်နှင့် ကျေပြီဟုမှတ်ယူ၍မရ။ ကျေးဇူးတရားသည် တန်ဖိုးဖြတ်ရန် မဖြစ်သော၊ တိုင်းတာ၍မရသော အရာဖြစ်သည်။ ကျေးဇူးတရားတိုင်းသည် သေးငယ်သည်မရှိ။ ကျေးဇူးမှန်သမျှသည် ကြီးမားသောအရာချည်းသာဖြစ်သည်။

ကိုယ့်အပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေဆိုသကဲ့သို့ မိမိအပေါ်ကျေးဇူးရှိခဲ့ဖူးသူကို အထူးသိတတ်စွာ ပြန်လည်ပေးဆပ်ကြရမည်ဖြစ်သည်။ ကျေးဇူးပါဟု နှုတ်မှရွတ်ဆိုလိုက်ရုံဖြင့် သူ့ကျေးဇူးကို သိတတ်ခြင်းမမည်ပေ။ ဆိုရပါလျှင် နှုတ်မှရွတ်ဆိုခြင်းသည် အသွင်သဏ္ဌာန်ပိုင်းမျှသာဖြစ်သည်။တကယ့် အနှစ်သာရပိုင်း မဟုတ်သေး။ မိမိအပေါ်ကောင်းကျိုး ဆောင်ရွက်ပေးခဲ့သောသူတွင် အခက်အခဲတစ်ခု ကြုံလာပါက ထိုသူ၏ အခက်အခဲကို ပြန်လည်အကျိုးဆောင် အကူအညီပေးရမည်။ သို့မှသာ ကျေးဇူးသိတတ်သူဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။ ယခုခေတ်လူအများစုသည် တစ်ပါးသူ၏ကျေးဇူးကို အသွင်သဏ္ဌာန်ပိုင်းလောက်သာ ဆပ်ဖြစ်ကြသည်။ မိမိ၏ ကျန်းမာရေးအတွက်ဖြစ်စေ၊ လူမှုရေးအတွက်ဖြစ်စေ၊ ငွေရေးကြေးရေးစီးပွားရေးဘက်တွင်ဖြစ်စေ မိမိကို ကူညီဖူးသောသူ၊ မိမိဘဝအစိတ်အပိုင်းတစ်ခုကို ပြောင်းလဲပေးထားသောသူ ထိုသူတို့၏ကျေးဇူးကို အစဉ်အမြဲအောက်မေ့နေရမည်။ ကျေးဇူးဆပ်ခွင့် ကြုံလာလျှင် မနှောင့်မနှေး ပြန်လည်ပေးဆပ်ရမည်။ သို့မှသာ အသွင်သဏ္ဌာန်ပိုင်းရော၊ အနှစ်သာရပိုင်းပါ ပြည့်စုံမည်ဖြစ်သည်။ ကျေးဇူးသိတတ်သူသည် သူတော်ကောင်း သူမြတ်လောင်းဖြစ်သည်။ ယခုပစ္စုပ္ပန်ဘဝတွင်လည်း ပတ်ဝန်းကျင်၏ ကောင်းစွာသော အထောက်အပံ့ကိုရသည်။ တမလွန်ဘဝတွင် လူဖြစ်လျှင်လည်း လူ့လောက၏ မြင့်မြတ်သောအမျိုးတွင် လူဖြစ်ရသည်။ နတ်ဖြစ်လျှင်လည်း နတ်အမျိုးမြတ်၌ ဖြစ်ရမည်ဖြစ်သည်။

သက်ရှိသတ္တဝါအားလုံးတို့တွင် လူသည် အမြတ်ဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်မှီဝဲခြင်းသာသိသော တိရစ္ဆာန်တို့ အသိဉာဏ်ထက်သာလွန်နေခြင်းကြောင့်ပင်ဖြစ်သည်။ ဉာဏ်နှင့်ယှဉ်သောအသိရှိသည်။ ကိုးကွယ်ဆည်းကပ်စရာဘာသာရှိသည်။ ရတနာသုံးပါးနှင့် အနန္တောအနန္တငါးပါးကို ဦးထိပ်ထားသည်။ ဗုဒ္ဓ၏ ဓမ္မနှင့်အညီ ကောင်းသောအကျင့်နှင့်ကောင်းသော အလုပ်ကိုလုပ်ကြသည်။ ထို့ကြောင့် လူသည် သတ္တဝါအားလုံးတို့တွင် အမြတ်ဆုံးဖြစ်နေခြင်းဖြစ်သည်။ ရတနာသုံးပါး၏ ကျေးဇူးကိုမသိ၊ မိဘဆရာသမား၏ ကျေးဇူးကိုမသိ၊ မကောင်းသောအကျင့်နှင့်မကောင်းသောအလုပ်တို့ကိုလုပ်နေလျှင် လူပင်ဖြစ်သော်လည်း အပါယ်လေးပါးဝင် တိရစ္ဆာန်နှင့်နှင့်တည်း။ ချားစ်လ်ဒါဝင်(၁၈၀၉-၁၈၈၂)မတိုင်မီက အင်္ဂလိပ်လူမျိုးတို့သည် တိရစ္ဆာန်များကို အလွန်အမင်းသတ်ဖြတ်ကြသည်။ တိရစ္ဆာန်များမှာ အတ္တဝိညာဉ်ဆိုသည်မရှိ။ လူသားများတွင်သာ အတ္တဝိညာဉ်ရှိသည်ဟူ၍ သူတို့၏ဘာသာရေးယုံကြည်ချက်ဖြင့် သတ်ဖြတ်ကြသည်။ ပါဏာတိပါတာကံ မဖြစ်ဟုလည်း ဆိုကြသည်။ သို့သော်လည်း ချားစ်လ်ဒါဝင်၏ The Origin of Species by Means of Natural Selection ဆိုသော စာအုပ်ထွက်ပေါ်လာသည့်နောက်ပိုင်းတွင် တိရစ္ဆာန်တို့ကိုသတ်ဖြတ်မှု သိသိသာသာလျော့ကျသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ချားစ်လ်ဒါဝင်၏ ထိုစာအုပ်တွင် လူသည်လည်း တိရစ္ဆာန်မျိုးရိုး တစ်မျိုးပင်ဖြစ်ကြောင်း၊ လူသည် အင်ထရိုပ္ပိုက်ဟုခေါ်သည့် မျောက်မျိုးရိုးစုမှနေ၍ တဖြည်းဖြည်း တရွေ့ရွေ့ဖြစ်စဉ်အရ ဉာဏ်နှင့်ယှဉ်သောအသိတရားများရရှိလာရာမှ လူ့ဘဝကိုရောက်ရှိလာကြောင်း ဖော်ပြထားသည်။ ထိုမှ "တိရစ္ဆာန်ဆိုတာ လူနှင့်ဆွေမျိုးတွေပါလား" ဟူသောအသိအမြင်ဖြင့် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းလျော့ကျခဲ့သည်။ လူသည် ကောင်းသောအသိ၊ ကောင်းသောအကျင့်ရှိ၍ အဆင့်ဆင့်မြင့်မားလာကာ လူ့ဘဝကိုရရှိသည်။ တစ်ပါးသူ၏ကျေးဇူးကို မသိတတ်၊ ကျေးစွပ်သော အကျင့်ဆိုးများမွေးမြူလျှင် ချားစ်လ်ဒါဝင်ပြောသော ဖြစ်စဉ်အရ တိရစ္ဆာန်ဘဝသို့ ပြန်လျှောကျမည်သာဖြစ်သည်။

**❖ ကိုယ့်အပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေဆိုသကဲ့သို့ မိမိအပေါ်ကျေးဇူးရှိခဲ့ဖူးသူကို အထူးသိတတ်စွာ ပြန်လည်ပေးဆပ်ကြရမည်ဖြစ်သည်။ ကျေးဇူးပါဟုနှုတ်မှရွတ်ဆိုလိုက်ရုံဖြင့် သူ့ကျေးဇူးကို သိတတ်ခြင်းမမည်ပေ။ ဆိုရပါလျှင်နှုတ်မှရွတ်ဆိုခြင်းသည် အသွင်သဏ္ဌာန်ပိုင်းမျှသာဖြစ်သည်။ တကယ့်အနှစ်သာရပိုင်းမဟုတ်သေး။ မိမိအပေါ် ကောင်းကျိုးဆောင်ရွက်ပေးခဲ့သောသူတွင် အခက်အခဲတစ်ခုကြုံလာပါက ထိုသူ၏အခက်အခဲကို ပြန်လည်အကျိုးဆောင် အကူအညီပေးရမည်။ သို့မှသာ ကျေးဇူးသိတတ်သူဟု ခေါ်ဆိုနိုင်မည်ဖြစ်သည် ❖**

စာရေးသူတို့ မြန်မာရာဇဝင်တွင် စာတင်လောက်အောင် သူ့ကျေးဇူး အထူးသိတတ်သောသူ တစ်ယောက်အကြောင်းကို တင်ပြချင်သည်။ ပင်းယခေတ်ကဖြစ်သည်။ ငါးစီးရှင်ကျော်စွာ ပင်လယ်ကိုစားရသောအချိန်တွင် ညီတော်အသင်္ခယာစောယွမ်းကို လုပ်ကြံစေရန် သူ၏မင်းကျွန်တစ်ဦးဖြစ်သော ငခင်ညိုကို စစ်ကိုင်းသို့ စေလွှတ်သည်။ ငခင်ညိုသည် စစ်ကိုင်းသို့ရောက်သော်လည်း အခွင့်မသာသေး၍ တောတွင်းတွင်ပုန်းအောင်းနေရသည်။ အစာအာဟာရပင် ပြတ်လပ်နေသည်။ သုံးရက်မြောက်နေ့တွင် အသင်္ခယာစောယွမ်းကို လုပ်ကြံတော့မည်ဟု ဆုံးဖြတ်ကာ နန်းတော်အတွင်းသို့ဝင်သည်။ ထိုအခါ ငခင်ညိုသည် အသင်္ခယာစောယွမ်း မဟာဂီရိနတ်ကိုတင်ထားသော နတ်တင်ကိုတွေ့သည်။ ရွှေစလောင်းတွင် ထမင်းနှင့် အမဲသား၊ ငါးများထည့်ကာ ပသထားသည်။ ထိုအခါ ငခင်ညိုသည် သူ့ဝမ်းအာဟာရပြည့်ရန်အတွက် အသင်္ခယာစောယွမ်းတင်ထားသော နတ်တင်ကိုစွန့်ယူ၍စားလိုက်သည်။ နတ်တင်စာစားပြီး ဝမ်းအာဟာရပြည့်သွားသောအခါ အတွင်းတော်သို့ဝင်သည်။ အတွင်းတော်သို့ရောက်သောအခါ အသင်္ခယာစောယွမ်းသည် သလွန်ထက်တွင် စက်တော်ခေါ်နေသည်ကိုတွေ့ရသည်။ ထိုအခါ ငခင်ညိုလည်း ရရှိထားသောအခွင့်အရေးကို လက်လွှတ်မခံဘဲ လျင်မြန်စွာ အသုံးချမှ တော်ချေမည်ဟုဆုံးဖြတ်ကာ ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်သည်။

လောကတွင် နှလုံးလှသူတိုင်းသည် ကာယကံအမှုဖြင့် ပြုတော့မည်ကြံတိုင်း၊ ဝစီကံအမှုဖြင့်ပြောတော့မည်ဖြစ်တိုင်း၊ မနောကံအမှုဖြင့် ကြံစည်တွေးတောနေတိုင်း မိမိ၏အလုပ်ကို သင့်၊ မသင့်၊ မှန်၊ မမှန် အမြဲဆင်ခြင်သုံးသပ်သည်။ အဓမ္မသဘောဆောင်၏လော၊ ဓမ္မသဘောနှင့်ညီ၏လောဟူ၍ ဖြစ်သည်။ ယခုလည်း ငခင်ညိုသည် လက်မှဓားကိုဆွဲထုတ်နေစဉ် သူ၏မနောဒွါရတွင် ဤမင်းသည် ယခု ငါ၏ ထမင်းရှင်ဖြစ်ခဲ့ပြီ။ ထမင်းရှင်ကို ပြစ်မှားရန်ကား အလွန်ပင် ဝန်လေးလှသည်။ အခွင့်သာလျက် မလုပ်ကြံဘဲလာသည်ဟူ၍ ငါ့အရှင်မျက်တော်ရှလည်း ဤတစ်သက်တာသာ ငါသေရမည်။ ထမင်းရှင်ကို ပြစ်မှားခဲ့သော် သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက် ငါသေရမည်။ အပါယ်လေးပါး၌လည်း ရှည်လျားစွာနေရမည်။ လွတ်မြောက်လာသော်လည်း ယုတ်မာသောကိုယ်အဖြစ်ဖြင့်သာ ရှိလေရာ၏ဟု တွေးထင်မိ၍ စစ်ကိုင်းမင်းကိုမသတ်တော့ဘဲ ငါးစီးရှင်ကျော်စွာကို စစ်ကိုင်းမင်းထံရောက်ခဲ့ကြောင်း သက်သေအဖြစ် ခမည်းတော်တစ်စီးရှင်က ပေးအပ်ထားသော အသင်္ခယာစောယွမ်း၏ ပတ္တမြားကျောက်စီဓားကိုသာ ယူ၍ပြန်ခဲ့သည်။

ပင်လယ်သို့ရောက်လျှင် ငါးစီးရှင်ကျော်စွာလည်း "ပြီးခဲ့သလော"ဟုမေးသည်။ ငခင်ညိုလည်း အမှန်တိုင်းလျှောက်တင်ကာ ပတ္တမြားကျောက်စီဓားကို ဆက်သည်။ ငါးစီးရှင်ကျော်စွာလည်း ငါ၏ကျွန်သည် ထမင်းတစ်စလောင်းကျေးဇူးကိုပင်သိတတ်၍ ဤသို့ လျှောက်တင်၏။ သူနှင့်တကွ သူ၏သားမယားတို့ကိုပါ နေ့တိုင်းကျွေးအပ်သော ငါ၏ကျေးဇူးကိုကား ဆိုဖွယ်ရာမရှိပြီဟူ၍ ချီးမွမ်းစကားဆိုသည်။ များစွာသောစည်းစိမ်ဥစ္စာတို့ကိုလည်း ပေးသနားသည်။ ကျေးဇူးသိတတ်သူသည် ကြီးစွာသောအကျိုးထူးကို ခံစားရသည်။ ကျေးစွပ်သူ(ကျေးဇူးမသိတတ်သူ)သည် ပစ္စုပ္ပန်တွင်လည်း မိတ်ကောင်းဖော်မွန်ရှားပါးသည်။ တမလွန်တွင်လည်း ကြီးစွာသောအပြစ်ဒဏ်ခံရသည်။

ကမ္ဘာလောကတွင် လူတစ်ဦးတစ်ယောက်တည်း ရပ်တည်၍မဖြစ်။ လူတစ်ဦးတစ်ယောက်မဆိုထားနှင့် လူသားတွေချည်းသက်သက်ပင် ရပ်တည်နေထိုင်၍ မဖြစ်ပေ။ တောတောင်ရေမြေနှင့် သစ်ပင်ပန်းမန်တို့ရှိမှ လူသားများ၏ဘဝသည်လည်း ရပ်တည်၍ရမည်ဖြစ်သည်။ လူသားများရှိမှလည်း သစ်ပင်ပန်းမန်များ ဝေဆာလှပ ဖူးပွင့်နိုင်ကြမည်ဖြစ်သည်။ လူတို့အသက်ရှူရန် အောက်ဆီဂျင်ကို သစ်ပင်များမှ ရသည်။ သစ်ပင်များအသက်ရှင်ရန် ကာဗွန်ဒိုင်အောက်ဆိုက်ကိုလည်း လူသားများဆီမှ ရကြသည်။ လူနှင့် သဘာဝပတ်ဝန်းကျင် တောတောင်ရေမြေတို့သည် အပြန်အလှန်ကျေးဇူးပြု၍ ရပ်တည်ကြရသည်။ ထို့အတူ လူ့အသိုင်းအဝိုင်းတွင်လည်း လူတစ်ဦးနှင့်တစ်ဦး ဖေးမကူညီမှ ကောင်းကျိုးလိုရာ ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။ လူသားတိုင်း ကောင်းကျိုးဝေဆာသာယာနေမှလည်း လူ့ဘောင်သစ်ကြီး အေးချမ်းမည်ဖြစ်သည်။ လူတစ်ယောက်သည် ကျေးဇူးခံ၊ ကျေးဇူးစားဖြစ်သကဲ့သို့ ကျေးဇူးပြုသူ ကျေးဇူးရှင်လည်း ဖြစ်ရမည်ဖြစ်သည်။ သို့မှသာ လူဖြစ်ရကျိုးနပ်မည်ဖြစ်သည်။ မိမိသည် လောကကပြုပေးသော ကောင်းကျိုးကိုချည်း ခံစားနေ၍မဖြစ်။ မိမိကလည်း လောကလူသားများအတွက် ကျေးဇူး(ကောင်းကျိုး)ပြုသောသူ ဖြစ်သင့်သည်။ သို့မှ တစ်ပါးသူ၏ကျေးဇူး၊ လောက၏ကျေးဇူးကို ပြန်လည်ပေးဆပ်ရာရောက်သည်။ စာရေးသူတို့ မြန်မာပြည်သူပြည်သားအများစုသည် ဗုဒ္ဓဘာသာအနွယ်များဖြစ်ကြသည်။ ထိုသို့ ဖြစ်သည့်လျော်ညီစွာ ဘာသာ သာသနာနှင့်ယှဉ်သောစိတ်များ ထားရှိရမည်ဖြစ်သည်။ ကောင်းကျိုးတည်စေမည့်တရားများကို အစဉ်အမြဲ အောက်မေ့ထားရမည်ဖြစ်သကဲ့သို့ မကောင်းမှုဖြစ်စေမည့် အကုသိုလ်တရားများကိုလည်း အစဉ်အမြဲ သတိထားရှောင်ရှားနေရမည်။ စိတ်ကောင်းရှိရန်လိုသည်။ သူ့ကျေးဇူးသိတတ်လျှင် လူတိုင်း၏ချစ်ခင်လေးစားခြင်းကိုရမည်။ စိတ်ထားယုတ်ညံ့သူ၊ ကျေးဇူးကန်းသူဆိုလျှင် လူတိုင်း ဝေးဝေးကပင် ရှောင်ရှားကြမည်။ စာရေးသူတို့ မြန်မာ့ရာဇဝင်တွင် ကျေးဇူးသိတတ်သူအဖြစ် သမိုင်းတွင်ခဲ့သော အမတ်ကြီး နန္ဒယောဓာအမည်ရှိ ငထင်ငယ်၏စကားနှင့် ပြောရပါမူ သူ့ဆန်စားလျှင် ရဲရမည်ဖြစ်၏။ငထင်ငယ်၏အကြောင်းကို အကျဉ်းမျှတင်ပြပါဦးမည်။

ဟာဓမ္မရာဇာအမည်ရှိ အနောက်ဘက်လွန်မင်း ပြည်ကိုသိမ်းယူစဉ်တွင် ငထင်ငယ်သည် ပြည်စားမင်းရန်နိုင်အနီးတွင် ဓားတစ်လက်ဖြင့် အနောက်ဘက်လွန်မင်းတရား၏ စစ်သည်တို့ကို ဟန့်တားသည်။ ထိုအခြင်းအရာကို ဦးရီးတော် ဘယဂါမဏိမြင်လေသော် "ဟယ်. . . ငထင်ငယ် လူပျိုလူရွယ်ပီသလှတကား။ တစ်မြို့လုံး သူ့လက်အတွင်းကိုကျနေပြီ အညံ့ခံလော့"ဟု ဟစ်ဆိုလေရာ ငထင်ငယ်က "သူ့ဆန်စား၍ ရဲရသည်။ ငါအသက်တည်နေသရွေ့ ငါ့အရှင်ကိုမထိပါးစေရ"ဟု ဆိုသည်။ ထိုစဉ်က ငထင်ငယ်၏အသက်သည် တစ်ဆယ့်သုံးနှစ်သားအရွယ်သာရှိသေးသည်။ ငထင်ငယ်သည် အရွယ်ပင်ငယ်သော်လည်း အရှင့်ကျေးဇူးကိုသိတတ်သူတကား၊ ရဲစွမ်းသတ္တိနှင့်လည်းပြည့်စုံပေတကားဟု အနောက်ဘက်လွန်မင်းကချီးမွမ်းသည်။ ငထင်ငယ်ကို အင်းဝနေပြည်သို့ခေါ်သွားပြီး နန္ဒယောဓာအမည်ဖြင့် ဝန်ကြီးရာထူးပေးကာ ချီးမြှောက်တော်မူလိုက်သည်။ အခက်အခဲမည်သို့ပင်ကြုံစေကာမူ ကျေးဇူးသိတတ်သူသည် ဘယ်သောအခါမျှ ဘဝမနစ်မွန်းပါ။ သက်သေသာဓကများသည်ကား စာရေးသူတို့၏ လူ့ပတ်ဝန်းကျင်တွင်ပင် တွေ့နိုင်သည်။ သမိုင်းများတွင်လည်း အထင်အရှားရှိလျက်နေသည်။ တစ်ပါးသူအပေါ် ကောင်းကျိုးပြုပေးသူ (ကျေးဇူးရှင်)တစ်ယောက်သည် မိမိပြုပေးလိုက်သည့် (ကျေးဇူးစား)တစ်ယောက်က မိမိ၏ကျေးဇူးကို အသိအမှတ်ပြုလျှင် ဝမ်းသာသည်။ ကျေးဇူးသိတတ်သူဟူ၍လည်း ချီးမွမ်းစကားဆိုသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် စာရေးသူတို့တစ်တွေသည် အသက်ရှင်နေသမျှကာလပတ်လုံး ဘုရားရှင်ဟောကြားတော်မူခဲ့သော ၃၈ ဖြာ မင်္ဂလာတရားတော်လာ "ကတညုတာ" သူ့ကျေးဇူးကိုသိတတ်ခြင်းဟူသော မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ကြရမည်ဖြစ်သည်။ ထိုသို့နေထိုင်မှသာ ပစ္စုပ္ပန်နှင့်သံသရာနှစ်ဖြာသောဘဝများတွင် မြင့်မြတ်သောသူများ ဖြစ်ကြမည်ဟု ယုံကြည်စွာဖြင့် ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **ဦးကုလား မှန်နန်းရာဇဝင်**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၄ သန်း ရရှိထား



**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၄ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှား၊ တရုတ်(တိုင်ပေ)နှင့် ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန်တင်ပို့လျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရာတွင် ရေထွက်ကုန်တင်ပို့မှုတိုးတက်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

“၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကနေ ဩဂုတ်လထိ နိုင်ငံပေါင်း ၄၀ ကျော်ကို ရေထွက်ကုန်ပစ္စည်းတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၂၁၄ သန်း ရရှိထားပါတယ်။ ရေထွက်ကုန်တွေကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကနေသာမက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေလဲ တင်ပို့နေတာဖြစ်ပါတယ်” ဟု ဦးညွန့်ဝင်းက ပြောပြသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို သက်ဆိုင်ရာနိုင်ငံများက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောဂါပိုးမွှားများကင်းရှင်းစေရန် စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းအပြင် မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းများကလည်း ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ဈေးကွက်အနေအထားပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များပြည့်မီရေးကို ဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ASH

# မိုင်းရှူးမြို့နယ် နမ့်ပါမုံးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းရှူး စက်တင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုက်ပါကျေးရွာအုပ်စု နမ့်ပါမုံးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နမ့်ပါမုံးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်ပါမုံးကျေးရွာတွင် အရှည်တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၆၈၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် အေးမြချယ်ရီကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက နမ့်ပါမုံးကျေးရွာရှိ အိမ် ၃၉ အိမ်၊ လူ ၃၃၂ ဦးတို့၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ချိုသန်းညွန့်**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုချည်မျှင်ရှည်ဝါ ၂၁၉၃၉ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုချည်မျှင်ရှည်ဝါ ၂၁၉၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုချည်မျှင်ရှည်ဝါ ၂၁၉၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မြင်းမူမြို့နယ်မှာ မိုးကြိုချည်မျှင်ရှည်ဝါ ၂၁၉၃၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဧကအားလုံးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မနှစ်က ဝါတစ်ပိဿာကို ငွေကျပ် ၁၈၀၀ ကနေ ၃၈၀၀ ထိ ဈေးရပါတယ်။ ဒီနှစ်လဲ တောင်သူတွေအနေနဲ့ ဈေးကောင်းရဖို့ မျှော်လင့်နေကြပါတယ်။ ဝါစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်ကောင်းမျိုးစေ့ရရှိဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက် ပေးနေပါတယ်” ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ဝါစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးစေ့၊ ထွန်ယက်ခ၊ လုပ်အားခနှင့် ဆေးဝါးကုန်ကျစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် ၁၄၀၀၀၀ ကုန်ကျပြီး ထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ပိဿာချိန် ၃၅၀ မှ ၄၀၀ ထိ ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့် ပဲစင်းငုံဖြင့် သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် သီးနှံတစ်မျိုးမျိုး ရရှိမည်ဖြစ်ပြီး ဝင်ငွေ တိုးပွားစေမည်ဖြစ်ကြောင်း ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ဒေါင့်ဘိုးကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**စလင်း စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ ဒေါင့်ဘိုးကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းတွင် သင်ကြားမည့် အခြေခံစက်ချုပ်ခြင်းဆိုင်ရာအတတ်ပညာ ဘာသာရပ်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းသို့ ဒေါင့်ဘိုးကျေးရွာ၊ ညောင်ပင်လယ်ကျင်းကျေးရွာနှင့် ဒီးဒုတ်ပင်ကျေးရွာတို့မှ သင်တန်းသူ ဦးရေ ၃၀ တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**



# ငပုတောမြို့နယ် စက်ကြီးကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ငပုတော စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် စက်ကြီးကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ စက်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေဖြင့် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စက်ကြီးကျေးရွာ၌ အလျားပေ ၂၀၊ အကျယ်ပေ ၂၀၊ အမြင့် ကိုးလက်မရှိ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ရှစ်သန်း စုစုပေါင်းငွေကျပ် ၂၃ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါတံတားဆောင်ရွက်ပြီးပါက ကျေးရွာရှိ အိမ်ခြေ ၂၁၀၊ လူ ၉၁၂ ဦးတို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက ပြောပြ၍ သိရသည်။ **ကျော်ခိုင်**

# ပူကူရှီးမားစွန့်ပစ်ရေနှင့် တရုတ်-ဂျပန် ဆက်ဆံရေးအလားအလာ

ဝင်းဇင်(သုတေသန)



၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဂျပန်နိုင်ငံသည် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေဒီယိုသတ္တိကြွစွန့်ပစ်ရေများကို ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စတင်ထုတ်လွှတ်ခဲ့သည်။ တရုတ်အစိုးရက ဂျပန်အစိုးရအနေဖြင့် စွန့်ပစ်ရေများ ထုတ်လွှတ်နေမှုကို ချက်ချင်းရပ်တန့်ရန်တောင်းဆိုလျက် စွန့်ပစ်ရေများ ထုတ်လွှတ်မှုကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် စွန့်ပစ်ရေများထုတ်လွှတ်မှုကို အခိုင်အမာဆန့်ကျင်ကြောင်းနှင့် ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း၊ မိမိတို့အနေဖြင့် ဂျပန်နိုင်ငံကို သံတမန်လမ်းကြောင်းက ကန့်ကွက်ထားကြောင်းနှင့် မှားယွင်းသောလုပ်ရပ်ကို ရပ်တန့်ရန်တောင်းဆိုထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၂၄ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ်၌ ပြောကြားခဲ့သည်။

အဆိုပါထုတ်ပြန်ချက်၌ ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူများအကျိုးစီးပွားကို လျစ်လျူရှုကာ အတ္တဆန်ပြီး တာဝန်မဲ့သောလုပ်ရပ်ကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် စွန့်ပစ်ရေနှင့်စပ်လျဉ်း၍ တိကျသောအချက်အလက်များပြသရန် ပျက်ကွက်ခဲ့ကြောင်းနှင့် စွန့်ပစ်ရေထုတ်လွှတ်မှုသည် အဏ္ဏဝါပတ်ဝန်းကျင်နှင့် လူသားတို့၏ကျန်းမာရေးအပေါ် သက်ရောက်မှုမရှိကြောင်း အခိုင်အမာပြောဆိုလျက်ရှိကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)နှင့် အနီးကပ်ဆွေးနွေးတိုင်ပင်ပြီးနောက် စွန့်ပစ်ရေများ ထုတ်ပစ်ခဲ့ခြင်းဖြစ်သည်။ IAEA သည် လွတ်လပ်စွာစမ်းသပ်စစ်ဆေးပြီးနောက် ဂျပန်နိုင်ငံ၏ ရေဆိုးသန့်စင်မှုလုပ်ငန်းစဉ်ကို ထောက်ခံအတည်ပြုပေးခဲ့သည်။ IAEA အကြီးအကဲ ရာဖဲလ်မာရီယာနိုဂရော့စီသည် ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေဆိုးများကို အပြီးသတ်စစ်ဆေးရန် ဇူလိုင်လအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံသည် စွန့်ပစ်ရေများကိုပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ထုတ်လွှတ်ခဲ့သည်။

IAEA အကြီးအကဲ ရာဖဲလ်မာရီယာနိုဂရော့စီက စွန့်ပစ်ရေများ ထုတ်လွှတ်မှုသည် ထူးဆန်းသောအစီအမံမဟုတ်ကြောင်း၊ ၎င်းရေများကို ပြန်လည်အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ IAEA မှ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးပြီးဖြစ်ကြောင်း၊ ကြိမ်ဖန်များစွာလေ့လာဆန်းစစ်ပြီးမှသာ သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အခြားနေရာများစွာတွင်လည်း အလားတူကျင့်သုံးလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

သို့သော် တရုတ်နိုင်ငံသည် IAEA ၏အတည်ပြုချက်ကို သဘောတူလက်ခံခြင်းမရှိသည့်အပြင် ဖြစ်ပေါ်လာနိုင်ခြေရှိသော ကပ်ဘေးအတွက်လည်း စောဒကတက်လျက်ရှိသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဂျပန်နိုင်ငံအနေဖြင့် ၎င်းတို့အကျိုးစီးပွားအတွက် သမုဒ္ဒရာအတွင်းသို့ စွန့်ပစ်ရေများထုတ်လွှတ်နေမည်ဆိုလျှင် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများသည် လူတို့ပြုလုပ်သည့်ကပ်ဘေးအန္တရာယ်များခံစားရနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် စွန့်ပစ်ရေများ ထုတ်လွှတ်ချိန်မှစ၍ နိုင်ငံအတွင်း ဂျပန်ပင်လယ်ထွက်ကုန်များတင်သွင်းခွင့်ကို ချက်ချင်းတားမြစ်ခဲ့သည်။ ၎င်းတို့အနေဖြင့် အဏ္ဏဝါပတ်ဝန်းကျင်၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံမှုနှင့် ပြည်သူများ၏ကျန်းမာရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်ရေးအစီအမံများ တရားဝင်လုပ်ဆောင်သွားရန် အခွင့်အရေးအပြည့်အဝရှိကြောင်း ပြောဆိုလျက်ရှိသည်။ ဂျပန်နိုင်ငံကလည်း ပင်လယ်ထွက်ကုန်ပစ္စည်းများ တင်သွင်းခွင့်တားမြစ်ခံရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ တရုတ်နိုင်ငံကို တရားစွဲသွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်။

တရုတ်နိုင်ငံအတွင်း၌မူ ပြည်သူများ၏မကျေနပ်ချက်များကို မီဒီယာများတွင် ဖော်ပြလျက်ရှိသည်။ တရုတ်နိုင်ငံရှိ ဆားထုတ်လုပ်သောကုန်ကြမ်းအားလုံးသည် ပင်လယ်သမုဒ္ဒရာများအတွင်းမှ ရရှိခြင်းမဟုတ်သော်လည်း ပြည်သူများသည် ဆားများကိုကြောက်လန့်တကြား ဝယ်ယူနေသည့်သတင်းများကို လူမှုကွန်ရက်၌ ဖော်ပြထားသည်။ လူမှုကွန်ရက်များသည် တရုတ်ပင်လယ်ထွက်ကုန်များအပြင် အခြားသောဂျပန်ထွက်ကုန်များကိုလည်း သပိတ်မှောက်သွားရန် ရေးသားဖော်ပြလျက်ရှိကြသည်။

တရုတ်နိုင်ငံအခြေစိုက် ဂျပန်သံရုံးက ၎င်းတို့၏အင်စတီကျူးရှင်းများသည် နှောင့်ယှက်သည့်ဖုန်းခေါ်ဆိုမှုများကို ဖြေရှင်းရလျက်ရှိကြောင်း၊ အများစုသည် တရုတ်နိုင်ငံမှ ခေါ်ယူခြင်းဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်သွားခဲ့သည်။ ဖုန်းခေါ်ဆိုမှုများသည် ဖူကူရှီးမားအုပ်ချုပ်မှုရုံးနှင့် ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံလည်ပတ်မှုအပေါ် ပစ်မှတ်ထား နှောင့်ယှက်လျက်ရှိသည်။

တရုတ်နိုင်ငံရှိ ဂျပန်အင်စတီကျူးရှင်းများအနေဖြင့်လည်း အလားတူ နှောင့်ယှက်ခံနေရကြောင်း၊ ဂျပန်သံရုံး၊ ကောင်စစ်ဝန်ရုံးနှင့် ဂျပန်စာသင်ကျောင်းများကို ပစ်မှတ်ထားကာ ခြိမ်းခြောက်နှောင့်ယှက်သော ဖုန်းခေါ်ဆိုမှုများ၊ ကျောက်ခဲများဖြင့် ပစ်ခတ်မှုများ လုပ်ဆောင်လျက်ရှိသည်ဟုဆိုသည်။ ထိုသို့လုပ်ဆောင်လာမှုများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မိကြောင်း ဂျပန်သံရုံးက ထုတ်ပြန်ခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် တရုတ်နိုင်ငံရှိ ဂျပန်နိုင်ငံသားများကို နှောင့်ယှက်မှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ရှိလာနိုင်သဖြင့် သတိထားနေထိုင်သွားရန်တိုက်တွန်းထားရှိသည်။

ဂျပန်သံရုံးက တရုတ်အစိုးရအား ပြည်သူများကို ဖျောင်းဖျခြင်းနှင့် အချက်အလက်မခိုင်မာသော သတင်းအချက်အလက်များ ထုတ်ပြန်မှုတို့ရပ်ဆိုင်းခြင်း အပါအဝင် သင့်လျော်သော စီမံဆောင်ရွက်မှုများ ချက်ချင်းဆောင်ရွက်ခြင်းအားဖြင့် ပိုမိုဆိုးရွားလာနိုင်သည့်အခြေအနေကို တားဆီးသွားရန် အပြင်းအထန်တိုက်တွန်းထားရှိသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဖူမီယိုက တရုတ်နိုင်ငံရှိ ဂျပန်ပြည်သူများနှင့် အင်စတီကျူးရှင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း၊ စွန့်ပစ်ရေထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ သိပ္ပံနည်းကျ ဆွေးနွေးမှုများတွင် ပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံကို ဖိတ်ကြားထားကြောင်း ပြောကြားသွားသည်။

ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံကိုလည်း ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံသို့ ကျွမ်းကျင်ပညာရှင်များ လာရောက်လေ့လာပြီး စွန့်ပစ်ရေများသန့်စင်မှုလုပ်ငန်းစဉ်ကို စစ်ဆေးရန် ဖိတ်ခေါ်ထားရှိသည်။ တောင်ကိုရီးယားအစိုးရအနေဖြင့် ရေဆိုးသန့်စင်မှုရလဒ်အပေါ် ကျေနပ်မှုရှိကြောင်း ထုတ်ပြန်ခဲ့သော်လည်း ပြည်သူများကမူ မကျေနပ်သဖြင့် လွန်ခဲ့သောသီတင်းပတ်အတွင်း ကန့်ကွက်ဆန္ဒထုတ်ဖော်မှုများ လုပ်ဆောင်ခဲ့ကြသည်။

သို့သော် တရုတ်နိုင်ငံသည် သိပ္ပံနည်းကျဆွေးနွေးသွားမည့် အဆိုပြုချက်ကိုပယ်ချခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် စွန့်ပစ်ရေများ ထုတ်လွှတ်မှုကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ကမ်းခြေများတွင် ရေဒီယိုသတ္တိကြွပစ္စည်းများ၏ သက်ရောက်မှုများကို ဆန်းစစ်အကဲဖြတ်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၂၈ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဂျပန်အင်စတီကျူးရှင်းများအပေါ် နှောင့်ယှက်တိုက်ခိုက်နေမှုများနှင့်စပ်လျဉ်း၍ မေးမြန်းမှုအပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က တရုတ်နိုင်ငံအနေဖြင့် တိုင်းပြည်အတွင်းရှိ နိုင်ငံခြားသားများကို တရားဥပဒေနှင့်အညီ ဘေးကင်းလုံခြုံမှု၊ တရားဝင်အခွင့်အလမ်းများနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးထားကြောင်း ပြောကြားသွားသည်။ ထို့နောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်သည် ဂျပန်နိုင်ငံ၏ဆုံးဖြတ်ချက်အပေါ် စိုးရိမ်ပူပန်မှုဖြစ်နေသည့် အခြားသောအစိုးရများနှင့် နိုင်ငံရေးပါတီများ၏ စာရင်းကို အသိပေးထုတ်ပြန်ခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က ဂျပန်နိုင်ငံရှိ တရုတ်သံရုံးနှင့် ကောင်စစ်ဝန်ရုံးများသည်လည်း ဂျပန်နိုင်ငံသားများ၏ ခြိမ်းခြောက်နှောင့်ယှက်သည့် ဖုန်းခေါ်ဆိုမှုများကို ရင်ဆိုင်ရလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။ စွန့်ပစ်ရေများ ထုတ်လွှတ်မှုသည် လက်ရှိပြဿနာများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မှားယွင်းလုပ်ဆောင်မှုများ ချက်ချင်းပြင်ဆင်သင့်ပြီး ပင်လယ်အတွင်းသို့ နျူကလီးယားညစ်ညမ်းရေများ ထုတ်လွှတ်နေမှုကို ရပ်တန့်သွားသင့်ကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။

၁၉၃၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း တရုတ်နိုင်ငံကို ဂျပန်နိုင်ငံ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် တရုတ်နှင့်ဂျပန်ကြား တင်းမာမှုနှင့် ကာလရှည်ကြာမလိုမုန်းတီးမှုသည် ဇာတ်ရှိန်ပိုမိုမြင့်တက်လာခဲ့ပြီး တရုတ်အစိုးရနှင့် ပြည်သူများ၏တုံ့ပြန်မှုများ ပိုမိုဖြစ်ပေါ်လာစေလျက်ရှိသည်။ ဂျပန်အစိုးရသည် တရုတ်အစိုးရ၏ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုကြောင့် စစ်ရေးဆိုင်ရာတည်ဆောက်မှုများ လုပ်ဆောင်လျက်ရှိသည်။ သို့သော် တရုတ်ကမူ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နှင့်ပူးပေါင်း၍ တရုတ်နိုင်ငံကို ထိန်းချုပ်ရန်ကြိုးပမ်းလျက်ရှိသည်ဟု ရှုမြင်ထားရှိသည်။

မည်သို့ပင်ဆိုစေ တရုတ်ရေလုပ်ငန်းများအနေဖြင့်လည်း ပင်လယ်ထွက်ပစ္စည်းများတွင် ရေဒီယိုသတ္တိကြွဒြပ်စင်များပါရှိနိုင်မှုအပေါ် စားသုံးသူများက စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသဖြင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် စားသုံးသူများကို အိမ်သုံးဆားများကို ကြောက်လန့်တကြား ဝယ်ယူရန်မလိုအပ်ကြောင်း၊ ပြည်တွင်းရှိ ပင်လယ်ထွက်ကုန်များသည် စားသုံးရန်ဘေးကင်းလုံခြုံမှုရှိကြောင်း၊ အလွန်အကျွံ စိုးရိမ်ပူပန်မှုဖြစ်နေရန်မလိုအပ်ကြောင်း အသိပေးချပြရှင်းလင်းသွားရန် လိုအပ်ပေသည်။ တရုတ်အစိုးရသည် ဖူကူရှီးမား စွန့်ပစ်ရေများ ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ ပြည်သူများ၏ စိတ်ခံစားချက်ကို လေ့လာလျက်ရှိရာ တောင်ကိုရီးယားနှင့် ဟောင်ကောင်ကဲ့သို့ တုံ့ပြန်မှုပြင်းထန်ခြင်းမရှိသေးကြောင်း တွေ့ရှိရသည်။

ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံသည် ၂၀၁၁ ခုနှစ်ကစပြီး နျူကလီးယားအရည်ပျော်မှုဖြစ်စဉ် သုံးကြိမ်ဖြစ်ပေါ်ခဲ့သည်။ လက်ရှိ စွန့်ထုတ်လိုက်သောရေများတွင် နျူကလီးယားရေဒီယိုသတ္တိကြွပစ္စည်းအများစုကို ဖယ်ရှားပြီးဖြစ်သော်လည်း ထရိုင်တီယမ်တချို့ပါဝင်နေသေးသည်ဟုဆိုသည်။ စွန့်ပစ်ရေတန်ချိန် ၇၈၀၀ ခန့်ရှိမည်ဖြစ်ပြီး နျူကလီးယားဓာတ်အားပေးစက်ရုံ ဖျက်သိမ်းမှုလုပ်ငန်းစဉ်များအားလုံးပြီးစီးရန် နှစ် ၃၀ ခန့်ကြာမြင့်မည်ဟု ခန့်မှန်းထားရှိသည်။

**ကိုးကား**

- **Fukushima Wastewater Release Roils China-Japan Relations by The diplomat.**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## အကုသိုလ်ကံ

မင်္ဂလာပါကလေးတို့ရေ။ ဒီတစ်ခါပြောပြမဲ့ပုံပြင်လေးကတော့ အကုသိုလ်ကံ ဆိုတဲ့ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။ ပုံပြင်လေးကတော့ ဒီလိုကွဲ့။

တစ်ခါတုန်းကပေါ့ကွယ်။ မောင်ကံကောင်းဆိုတဲ့ လူငယ်လေးတစ်ယောက်ဟာ သူ့အဘွားနဲ့အတူ အောင်းပေါက်ရွာမှာနေထိုင်သတဲ့။ နာမည်ကသာ မောင်ကံကောင်းဆိုပေမဲ့ မောင်ကံကောင်းလေးဟာ ငယ်ရွယ်စဉ်ကတည်းက ကံမကောင်းရှာဘူးတဲ့ကွယ်။ သူ့ကိုမွေးပြီးပြီးချင်းမှာပဲ သူ့မိဘနှစ်ပါးစလုံးဟာ ရှေ့ဆင့်နောက်ဆင့်ဆုံးသွားကြသတဲ့။ မောင်ကံကောင်း တစ်ယောက် အရွယ်ရောက်လာတဲ့အချိန်ထိ အဘွားဖြစ်သူကပဲ ပြုစုစောင့်ရှောက်လာခဲ့တာ အခုဆိုရင် မောင်ကံကောင်းလေးဟာ စတုတ္ထတန်းကျောင်းသားလေးဖြစ်နေပြီတဲ့ကွယ်။

ငယ်ရွယ်စဉ်ကတည်းက မိဘနှစ်ပါးစလုံး ဆုံးပါးသွားတော့ မောင်ကံကောင်းလေးဟာ ဆိုးချင်တိုင်းဆိုးပြီး အဘွားဖြစ်သူရဲ့စကားကိုလဲ နားထောင်ရကောင်းမှန်းမသိဘူးတဲ့ကွယ်။ အဘွားဖြစ်သူက စားဝတ်နေရေးအတွက် အကြော်ရောင်းနေရပြီး မောင်ကံကောင်းကို ဂရုစိုက်ချိန်လဲမရဘူးတဲ့ကွယ်။ ဒါကြောင့် မောင်ကံကောင်းလေးဟာ ဆိုးချင်တိုင်းဆိုးသွမ်းနေသတဲ့။ အဘွားဖြစ်သူရဲ့ အကြော်ရောင်းရတဲ့ပိုက်ဆံတွေကိုလဲ အဘွားဖြစ်သူသိအောင်တစ်မျိုး၊ မသိအောင်တစ်မျိုး ယူလေ့ရှိပြီး အပေါင်းအသင်းတွေနဲ့အတူ စားချင်တာတွေကို လျှောက်ဝယ်စားလေ့ရှိသတဲ့။ အဘွားဖြစ်သူက မုန့်ဖိုးကို စည်းကမ်းရှိရှိပေးပေမဲ့လဲ မောင်ကံကောင်းလေးဟာ အဘွားဖြစ်သူပေးတဲ့မုန့်ဖိုးနဲ့မလောက်တာကြောင့် နောက်ဆုံးခိုးယူရတဲ့အဆင့်ရောက်သွားပြီး သူခိုးကြီးတစ်ယောက်လို ဖြစ်လာတော့သတဲ့ကွယ်။

ကျောင်းမှာဆိုလဲ သူတစ်ပါးရဲ့ပစ္စည်းတွေကို ခိုးယူတတ်လေ့ရှိလို့ ကျောင်းကဆရာ၊ ဆရာမတွေက မောင်ကံကောင်းရဲ့အဘွားကိုခေါ်ပြီး ခဏခဏ နောက်ဒီလိုမလုပ်ဖို့ခေါ်ပြောလေ့ရှိတယ်။ မောင်ကံကောင်းလေးဟာလဲ ခဏခဏအပြစ်ပေးခံရလေ့ရှိသတဲ့ကွယ်။ ကြာလာတော့ မောင်ကံကောင်းလေးဟာ ကျောင်းတက်ရမှာကို ငြီးငွေ့လာပြီး ပညာသင်ချင်စိတ်မရှိတော့သလို ကျောင်းတက်ရက်တွေလဲ မမှန်တော့ဘူးတဲ့ကွယ်။ နောက်ဆုံးတော့ ပညာကိုလုံးဝမသင်တော့ဘဲ ကျောင်းထွက်မယ်ဆိုပြီး အဘွားဖြစ်သူကို ခဏခဏ ပြောလေ့ရှိသတဲ့။ အဘွားဖြစ်သူက ကျောင်းကို မထွက်ပါနဲ့ ပညာတတ်ကြီးလုပ်ပါ။ သားလိုအပ်တာကို အဘွားအကုန်လုပ်ပေးပါမယ်။ အကုန်ဖြည့်ဆည်းပေးပါမယ်လို့ပြောလဲ မောင်ကံကောင်းလေးဟာ




နားမထောင်ဘူးတဲ့ကွယ်။ ဘယ်လိုမှပြောမရတော့တဲ့အဆုံး အဘွားဖြစ်သူဟာ လက်လျှော့လိုက်ရတော့သတဲ့။

ကျောင်းမတက်တော့တဲ့ မောင်ကံကောင်းလေးဟာ တအားကိုပျော်နေပြီး အပြင်ကအပေါင်းအသင်းတွေနဲ့ လုပ်ချင်တာတွေလုပ်နေရတာကို ကျေနပ်နေသတဲ့ကွယ်။ နှစ်တွေကြာလာတော့ မောင်ကံကောင်းလေးဟာ အရွယ်ရောက်လာတာပေါ့ကွယ်။ ငယ်ငယ်က ပေါင်းခဲ့တဲ့သူငယ်ချင်းတွေဟာ ကျောင်းပြီးကြပြီး အလုပ်တွေကိုယ်စီနဲ့ဖြစ်ကြတဲ့အခါ မောင်ကံကောင်းလေးကတော့ အရက်သောက်၊ ဖဲရိုက်၊ ငါးဖမ်း၊ ဖားရိုက်နဲ့ပဲ အချိန်တွေကုန်လာတော့သတဲ့ကွယ်။ ဒါကို မောင်ကံကောင်းလေးက သူ့အပေါင်းအသင်းတွေကိုကြည့်ပြီး အားမကျတဲ့အပြင် နောင်တလဲမရခဲ့ဘူးတဲ့ကွယ်။ အဘွားဖြစ်သူကလဲ အကြော်ရောင်းရတဲ့ သက်တမ်းကြာလာတော့ ကျန်းမာရေးမကောင်းတော့ဘဲ အိပ်ရာထဲမှာပဲလဲနေရရှာတာပေါ့ကွယ်။ ကြာလာတော့ အိပ်ရာထဲက အဘွားဖြစ်သူကို ငြိုငြင်လာပြီး တစ်နေ့နဲ့တစ်နေ့ သေကိုမသေနိုင်တော့ဘူးလို့ အမြဲတမ်းကျိန်ဆဲနေတတ်သေးသတဲ့ကွယ်။

တစ်နေ့ မိုးတွေသဲကြီးမဲကြီးရွာနေတဲ့အချိန် မောင်ကံကောင်းဟာ အရက်သောက်နေရင်း ဖားရိုက်ထွက်ဖို့ ပြင်ဆင်လိုက်သတဲ့။ အိပ်ရာထဲကအဘွားဖြစ်သူဟာ မသွားဖို့ ဒီလိုပြောလိုက်သတဲ့ကွယ်။

"သား လူလေး။ မိုးတွေတအားသည်းနေတာ အပြင်ကိုမသွားပါနဲ့လားကွယ်။ မှောင်လဲမှောင်နေပြီလူလေးရဲ့"

အဘွားဖြစ်သူရဲ့စကားကို မောင်ကံကောင်းက နားမထောင်တဲ့အပြင် ရိုင်းစိုင်းကြမ်းကြုတ်တဲ့စကားလုံးတွေနဲ့ ပြန်ပြောလိုက်သတဲ့။

"ဒီမှာအဘွားကြီး။ ခင်ဗျားပါးစပ်ကိုပိတ်ထားလိုက်။ မပိတ်သေးရင် ဒီမှာတွေ့လား။ ဖားရိုက်တဲ့တုတ်က ခင်ဗျားကြီးအတွက်ဖြစ်သွားလိမ့်မယ်"လို့ ခွန်းတုံ့ပြန်လိုက်သတဲ့။

ဒီအခါမှာ မူးနေတဲ့မြေးဖြစ်သူကို အဘွားဖြစ်သူက ဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ အသာလေးငြိမ်နေလိုက်ရတော့သတဲ့ကွယ်။

"အား. . . အား. . . အဘွားရေကယ်ပါအုံး"

မောင်ကံကောင်းရဲ့ခြေထောက်ကို အဆိပ်ပြင်းပြင်းမြွေတစ်ကောင်ပေါက်တာကိုခံလိုက်ရတော့ မောင်ကံကောင်းလေးဟာ ကူရာမဲ့ဖြစ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘဲ အဘွားဖြစ်သူကိုသာ အော်ဟစ်တမ်းတသတဲ့ကွယ်။ မိုးတွေလေတွေထဲမှာ သူ့အသံကို ဘယ်သူကမှမကြားတော့ဘဲ မောင်ကံကောင်းလေးဟာ ရွာအပြင်ဘက်က လယ်ကွင်းထဲမှာ သေရရှာတာပေါ့ကွယ်။ ဒီလိုနဲ့ မွေးကတည်းက ကံမကောင်းတဲ့ မောင်ကံကောင်းလေးဟာ နောက်ဆုံးထွက်သက်အထိ ကံမကောင်းသွားရှာဘူးတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ကလေးတို့အားလုံးလဲ ဒီပုံပြင်လေးကိုဖတ်ခြင်းအားဖြင့် လူကြီးမိဘတွေရဲ့ဆုံးမမှုကို ကောင်းစွာခံယူပြီး အသိပညာဗဟုသုတတွေ များစွာရရှိကြပါစေကွယ်။ မကောင်းမှုအကုသိုလ်ကံဟာ ဘယ်လောက်တောင်မှ ကြောက်ဖို့ကောင်းသလဲဆိုတာ မောင်ကံကောင်းရဲ့ အပြုအမူကိုကြည့်ပြီး သားသား၊ မီးမီးတို့လဲ သိကြလောက်ပါပြီနော်။ အဲဒါကြောင့် မကောင်းမှုအကုသိုလ်အလုပ်တွေကို မပြုလုပ်ကြပါစေနဲ့လို့ တိုက်တွန်းရေးသားလိုက်ပါတယ်ကွယ်။ ကလေးတို့အားလုံး ကျန်းမာရွှင်လန်းကြပါစေကွယ်။

**ချာန်လေး(ပညာရေး)**

## ပန်းတိုင်

♦ အခက်ခဲမှန်သမျှဘေးမပူ
အောင်မြင်မှုကို လက်ကမ်းယူ၊
တို့လူငယ်တွေစွမ်းအားထုတ်
နောက်သို့ဘယ်မဆုတ်။

♦ တောင်ကိုနင်း၍ဖြတ်ကျော်လာ
ရောင်နီမြင်ရမှာ၊
တွဲလက်ညီညီလက်စွဲလို့
ပန်းတိုင်အရောက်လှမ်းပါစို့။ ။

**ကိုဇော်(ရင်နှင့်ရင်း၍)**




## ပတ်မကြီး

♦ ပတ်မကြီးက ဘယ်လိုမြည်
ဗေထိဗေထိမြည်၊
နားဝင်ပီအောင် တီးလိုက်ကြ
စည်းဝါးလိုက်ရင်းက။

♦ အားရပါးရ တီးလိုက်လေ
ဆိုင်းဝိုင်းထဲမှာနေ၊
သားရေထူထူကျပ်လို့စည်း
လက်သီးဆုပ်လို့တီး။
ပတ်မကြီး ပတ်မကြီး။ ။

**သာလွန်(နတ်မောက်)**









## စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

* မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။
* အသက် (၁၈)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။
* ကျန်းမာရေးကောင်းမွန်၍ အနည်းဆုံး(၆)လ တာဝန်ထမ်းဆောင်နိုင်ရမည်။
* အမျိုးသားများသာ လျှောက်ထားရန်ဖြစ်သည်။
* အထွေထွေဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

အလုပ်လျှောက်ထားလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ ဓါတ်ပုံ(၃)ပုံနှင့်အတူ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ ဂေါပကအဖွဲ့မှ နေရာထိုင်ခင်းစီစဉ်ပေးမည်။

**လျှောက်လွှာတင်သွင်းရန်ကာလ**

**(၄.၉.၂၀၂၃)ရက်နေ့မှ (၁၀.၉.၂၀၂၃)ရက်နေ့အထိ**

**နံနက် (၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီအတွင်း**

**အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။**

ဂေါပကအဖွဲ့<br>
စွယ်တော်မြတ်စေတီတော်(မန္တလေး)<br>
ဖုန်း ၀၉-၃၅၇၇၇၆၈၄၄၃

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အနောက်ရပ်ကွက်နေ ဦးသိန်းမြင့်-ဒေါ်ကျင်သိန်းမြင့်တို့၏သားဖြစ်သူ **မောင်နန္ဒာထွန်း (၉/ခအစ(နိုင်)၀၂၇၆၂၇)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးသိန်းမြင့်(၉/မနတ(နိုင်)၀၇၆၇၁၄)**

**ဒေါ်ကျင်သိန်းမြင့် (၉/မနတ(နိုင်)၀၇၅၃၇၄)**

ပျောက်ဆုံးကြောင်း

[illegible] (MD-194897) [illegible]

၀၉-၈၉၃၈၇၁၉၁၇

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## မိခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အ. ထ. က(၂၄)၊ Grade-12 မှ မအေးမြတ်မိုး နှင့် Grade-9(A) မှ မောင်အောင်ကျော်ခန့် တို့၏မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်ဥမ္မာသန်း ဖြစ်ပါကြောင်း။

**ဒေါ်ဥမ္မာသန်း(၉/မဟမ(နိုင်)၀၂၇၀၆၉)**

## မိခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အ. ထ. က (၂၄)၊ Grade-12 မှ မအေးမြသန္တာ ၏မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်စန်းနွယ်ဦး ဖြစ်ပါကြောင်း။

**ဒေါ်စန်းနွယ်ဦး(၉/ငဇန(နိုင်)၀၇၄၈၄၅)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်နေ ဦးဇော်လွင်ဦး-ဒေါ်ထားထားခင်တို့၏သမီး **မခင်သန္တာ (၉/ခမစ(နိုင်)၀၃၇၇၀၄)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဇော်လွင်ဦး (၅/စကန(နိုင်)၀၁၀၅၂၇)**

**ဒေါ်ထားထားခင် (၉/မရတ(နိုင်)၀၁၉၉၄၈)**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**

**လိုအပ်သည်ဟု ခံစားနေရပါက**

**သတင်းအချက်အလက်မျှဝေရာစင်တာသို့**

**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>
ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး<br>
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ကြိုတင်ကာကွယ် မီးအန္တရာယ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပြုလုပ်သော ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းနှင့် လုပိုးခေါင်ယာယီနေရာချထားရေးစခန်းများ လှည့်လည်ကြည့်ရှု



**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စခန်းတာဝန်ခံနှင့်တာဝန်ရှိသူများက နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြန်လည်လက်ခံရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက **စာမျက်နှာ ၁၇ ကော်လံ ၄☆**

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။**

**မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေး**

မြဝတီရုပ်မြင်သံကြားနှင့် သဇင်FMတို့အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ၊ စက်မှုပိုင်းဆိုင်ရာစစ်ဆေးပြုပြင်မှုများကို ၃၁-၈-၂၀၂၃ ရက်မှ ၃-၉-၂၀၂၃ ရက်ထိဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပါစစ်ဆေးပြုပြင်နေစဉ်ကာလအတွင်း မြဝတီရုပ်မြင်သံကြားလိုင်းများနှင့် သဇင်FMအစီအစဉ်များဖမ်းယူကြည့်ရှုရာတွင် လိုင်းများထစ်ခြင်းနှင့် ခေတ္တပြတ်တောက်ခြင်းများဖြစ်ပေါ်လာနိုင်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

**မစန်းပါး(၂) ဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်**

စာမျက်နှာ - ၂၀



